ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (10-3-2004) (၄၇၇၁)

အတ္တသမ္မာ ပဏိဓိ စ ဧတံ မင်္ဂလ မုတ္တမံ။

မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားပြီး အဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

✻ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးအစည်းအဝေး တက်ရောက် ပြည်သူများ အနားယူနိုင်သည့် အဆင့်မြင့်ဥယျာဉ်ကြီးအဖြစ် စနစ်တကျ တည်ဆောက်ရန် မှာကြား

ရန်ကုန် မတ် ၉

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် Central Forest Zone **ရှိ** Water Plaza **တည်ဆောက်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်၌ ကျင်းပသည့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ထုတ်ခေါင်းရေ ၁၉၆၄၂၈

ရှေးဦးစွာ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သည့် Relaxation Zone၊ Recreation Zone၊ Education Zone နှင့် Central Forest Zoneများတွင် သက်ဆိုင်ရာဇုန်အလိုက် အဆင့်မြင့်တင် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေမှုအခြေအနေများ၊ ဇုန်တစ်ခုစီ၏ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

သဘာဝအလှနှင့် ပသာဒ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ကန်တော်ကြီးရေပြင် အစဉ်သန့်ရှင်းစင်ကြယ်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဟိုတယ်နှင့် စားသောက်ဆိုင်များကို ကန်တော်ကြီး၏ သဘာဝအလှနှင့် ပသာဒဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(10-3)KM.P65 1 3/10/04, 1:05 AM

ကြေးမုံ The Mirror
၁၀-၃-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းမှုများ အသုံးပြု စီးပွားရေး လူမှုရေးဘဝ မြင့်မားအောင်စွမ်းဆောင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စီးပွားရေးဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းလာစေရေးအတွက် စက်မှုအခြေခံသော စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ယနေ့ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်း ရပ်တည်နိုင်စေရန်နှင့် စည်းလုံးညီညွတ်ခိုင်မာသော ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းရာတွင် နိုင်ငံတော်၏ အခြေခံစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သားငါး၊ သတ္တု၊ စွမ်းအင်စသည့် သယံဇာတများကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများကို ထူထောင်အားပေးလျက်ရှိသည်။

ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် အခြေခံကောင်းများကို ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းတိုင်းတွင် ပျံ့နှံ့ဖြစ်ထွန်းနေစေရန် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ ယင်းသို့ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်မှုများကြောင့် ကဏ္ဍအလိုက် အောင်မြင်တိုးတက်မှုများ ရရှိလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူအများ စားဝတ်နေရေး ဖူလုံစေရေးအတွက်သာမက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ ပဓာနကျသော အရင်းအမြစ်တစ်ခုဖြစ်သည်။

ဒေသတစ်ခုချင်းအနေဖြင့် ကြည့်ပါက စိုက်ပျိုးရေးလုပ်ငန်းသည် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေး၊ ဒေသ၏ စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် အခြေခံကောင်းတစ်ခုလည်း ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းလာစေရန် လိုအပ်ချက်များကို အလေးထား တည်ဆောက်ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။ အထူးသဖြင့် ရေမြေသဘာဝ ရာသီဥတုကို မှီခိုအားထားစိုက်ပျိုးနေမှုများအစား ခေတ်မီနည်းပညာရပ်များဖြင့် ပြုပြင်ဖန်တီးပေးခြင်းများဖြင့် သီးနှံစိုက်ပျိုးစွမ်းအား မြင့်မားလာစေရန် အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိသည်။

ပဲခူးတိုင်း ကဝမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသော ရွှေလှေရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၈ရက်နေ့က အဆိုပါ ရေထိန်းတံခါးအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားများအား အမှာစကားပြောကြားရာတွင် **ယနေ့ ဖွင့်လှစ်လိုက်သည့် ရွှေလှေရေထိန်းတံခါးကြီးက ဖန်တီးဖော်ဆောင်ပေးမည့် စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းမှု အလားအလာကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး မိမိတို့၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ မြင့်မားသည်ထက် မြင့်မားလာရအောင် ဒေသခံပြည်သူများအားလုံးက လုံ့လဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြပါ** ဟူ၍ မှာကြားခဲ့သည်။

ပဲခူးတိုင်းသည် တောတောင်ထူထပ်ပြီး ချောင်းမြောင်းပေါများသည့်အပြင် ပင်လယ်နှင့်ဆက်စပ်နေသည့် ဒေသဖြစ်သည်။ ပဲခူးမြစ်နှင့် စစ်တောင်းမြစ်အကြားတွင် ကျယ်ပြန့်သော ရေနက်ကွင်းကြီးများရှိရာ နိုင်ငံတော်က အဆိုပါ ရေကြီးရေနက်ကွင်းများကို စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အဖိုးတန်လယ်မြေများအဖြစ် ဖော်ထုတ်ပေးနိုင်ရေးအတွက် ဆည်တမံ ရေထိန်းတံခါးများကို တည်ဆောက်ပေးလျက်ရှိသည်။

ပဲခူးတိုင်းအတွင်း ယခုဖွင့်လှစ်လိုက်သည့် ရွှေလှေရေထိန်းတံခါးအပါအဝင် ရှမ်းကိုင်းရေထိန်းတံခါး၊ ပိုင်ကျုံရေထိန်းတံခါး၊ တာဝရေထိန်းတံခါးတို့ကို တည်ဆောက်ပေးခဲ့သဖြင့် မိုးအခါ ရေကြီးနစ်မြုပ်မှုနှင့် နွေအခါ ပင်လယ်ရေငန်ဝင်ရောက် မှုတို့မှ ကာကွယ်တားဆီးနိုင်ပြီး ဧကသိန်းကျော်တွင် စပါးနှင့်သီးထပ်သီးညှပ်သီးနှံများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများနှင့်အညီ စိုက်ပျိုးရေး တိုးတက်ဖြစ်ထွန်းမှု အလားအလာကောင်းများကို ထိရောက်စွာ အသုံးပြုပြီး မိမိတို့၏ စီးပွားရေး၊ လူမှုရေးဘဝ မြင့်မားလာစေရန် တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူများအားလုံးက လုံ့လဝီရိယစိုက်ထုတ် ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘင်းမ်စတက်ပြိုင်ပွဲအောင်ပွဲရ မြန်မာအသင်းမှ မြို့တော်စည်ပင် ဘောလုံးသမားများအား ဂုဏ်ပြု

ရန်ကုန် မတ် ၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဗဟိုအားကစားကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ဘင်းမ်စတက် အသက်(၁၈)နှစ်နှင့်အောက် ပထမအကြိမ် တောင်အာရှခြောက်နိုင်ငံ ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် မြန်မာလူငယ်အသင်းတွင်ပါဝင်ခဲ့သည့် မြို့တော်စည်ပင်ဘောလုံးအားကစားသမားသုံးဦးနှင့် မြန်မာလူငယ်အသင်း လက်ထောက် နည်းပြဆရာအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်၍ ဆုများချီးမြှင့်ပြီး**(အပေါ်ပုံ)** ဂုဏ်ပြုအမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်၊ ဗဟိုအားကစားကော်မတီနာယက တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း၊ ဗဟိုအားကစားကော်မတီဥက္ကဋ္ဌနှင့် အားကစားဆပ်ကော်မတီများမှဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ ဘောလုံးအားကစားသမား ထွန်းထွန်းလင်း(ဂိုး)၊ အောင်ဇော်မျိုး(နောက်တန်း)၊ အသင်းခေါင်းဆောင် ဇော်ဇော်(ရှေ့တန်း)နှင့် လူငယ်အသင်း လက်ထောက်နည်းပြ ဦးကြည်လွင်တို့ တက်ရောက်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

အခမ်းအနားတွင် မြို့တော်ဝန်က ဘောလုံးအားကစားသမားသုံးဦးနှင့် နည်းပြတို့အား တစ်ဦးလျှင် ဂုဏ်ပြုငွေကျပ်တစ်သိန်းစီချီးမြှင့်သည်။ ဆက်လက်၍ အားကစားဆပ်ကော်မတီအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ဗဟိုအားကစားကော်မတီနာယကက လိုအပ်ချက် များဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (၁၉)

စာကြည့်တိုက်ဖြစ်မြောက်ရေး အလှူငွေပေးအပ်

ရန်ကုန် မတ် ၉

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဗိုလ်ကလေးတင့်အောင်စာကြည့်တိုက်ဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၆ရက်တွင် ဘိုကလေးမြို့ စကားဝါလမ်းရှိ လူမှုကရုဏာအသင်း ဖြစ်မြောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကစာရေးဆရာ ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်(ဝိဇ္ဇာပညာထူးချွန်ပထမဆင့်)နှင့် ရုပ်ရှင်အနုပညာရှင်များ၊ ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀ခန့် တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် မြို့နယ်ပြည်သူလူထုမှထည့်ဝင်ငွေကျပ်၁ဝသိန်း၊ ဗိုလ်ကလေးတင့်အောင်၊ ဒေါ်ခင်ရီ မိသားစုက နှစ်သိန်း၊ ဦးကောင်းမြတ်–ဒေါ်ဖြူဖြူအောင် (ဧယျာသိဒ္ဓိဆန်စက်) မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးတင့်ဇော် (ရွှေစင်ကြယ်ရွှေဆိုင်) မိသားစုက ငွေကျပ်ငါးသိန်းတို့ကို အသီးသီးပေးအပ်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဌေး၊ ဗိုလ်ကလေးတင့်အောင်နှင့် စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်တို့က လက်ခံကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ ပညာရပ်ဆိုင်ရာဟောပြောပွဲကို မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ အခန်းအမှတ်(၂၀၂) ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ဦးစိုးမြင့် (ညွှန်ကြားရေးမှူးချုပ်၊ စွမ်းအင်စီမံကိန်းဦးစီးဌာန) က Myanmar’s Potential as a Major Natural Gas Supplier in the Region၊ ဦးအောင်ကြင် (MD, Explores Consulting Ltd.) က Practial Gold Seeker (လက်တွေ့ရွှေမှုဆိုး) ခေါင်းစဉ်များဖြင့် စိတ်ဝင်စားဖွယ်ရာဟောပြောကြမည်ဖြစ်သဖြင့် အသင်းဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားပြီး အခြားစိတ်ပါဝင်စားသူများလည်း တက်ရောက်နိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ရုံးခန်းနှင့် ဆိုင်းဘုတ်တင်ပွဲကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ အသင်းရုံးခန်းနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အမှတ် (၇၄/၈၀) မင်းရဲကျော်စွာလမ်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၌ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်သိန်းက ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ အခြေစိုက်စခန်းကို ဒုံးကျည်ဖြင့်ပစ်ခတ်



မတ် ၈ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ မြို့လယ်ဒေသ လမ်းတစ်လမ်းပေါ်တွင် ကင်းလှည့်ထွက်လာသည့် အမေရိကန်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မတ် ၈ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ အခြေစိုက်စခန်း အဆောက်အအုံကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror
အီရတ် မြင်ကွင်း

မတ် ၇ ရက်က မြို့တော်ဘဂ္ဂဒက်ရှိ နို့ချက်စက်ရုံတစ်ရုံတွင် အီရတ်တို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မတ် ၈ရက်က ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်အနီး တစ်ဝိုက်အား ပိုက်စိပ်တိုက်ရှင်းလင်းနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မတ် ၈ ရက်က မြို့တော်ဘဂ္ဂဒက် မြို့လယ်ဒေသတွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြရန် စုဝေးရောက်ရှိလာသော အီရတ်တို့ကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စောင့်ကြည့်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မတ် ၈ ရက်က မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြသည့် အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

10-3)KM.P65 3 3/10/04, 1:05 AM

အီရတ်၌ဆက်လက်ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများ အမေရိကန်တို့က လုံခြုံမှုမပေးနိုင်၍ဖြစ်ရဟု ဝေဖန်

ဘဂ္ဂဒက် မတ် ၈

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေမှုကို ဟန့်တားကာကွယ်သွားနိုင်ရန် အီရတ်တာဝန်ရှိသူများအနေဖြင့် နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြပြီး သဘောထား ပျော့ပျောင်းသည့် ခေါင်းဆောင်များကလည်း အချင်းချင်းအတူတကွ ပူးပေါင်းကာ ညီညွတ်စွာ နေထိုင်သွားကြရန် ကြိုးပမ်းလျက်ရှိကြကြောင်း ပြောကြားသည်။

ပြစ်တင်ဝေဖန်

အီရတ်အချင်းချင်းစိတ်ဝမ်းကွဲပြားပြီး ရန်ငြိုးထားကာ ယခုကဲ့သို့ တိုက်ခိုက်မှုများ ဖြစ်ပွားသည့်ကိစ္စနှင့် ပတ်သက်ပြီး အီရတ်ပြည်သူအများအပြားက အမေရိကန်တို့ကို ပြစ်တင်ဝေဖန်လျက် ရှိကြသည်။

ဖြစ်ပွား

ဘဂ္ဂဒက်မြို့မှ အဆောက်အအုံတစ်ခုကို လွန်ခဲ့သည့် အင်္ဂါနေ့က အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူ ၇၀ထက်မနည်း သေဆုံးသွားပြီး ယခုအခါ လုံခြုံရေး တင်းကျပ်ထားကြောင်း သိရှိရသည်။ ကာဘာလာမြို့တွင်လည်း ပြင်းထန်သည့် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

လုံခြုံရေးတင်းကျပ်

ယခုဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုသည် အမေရိကန်တို့ကြောင့်သာဖြစ်ကြောင်း ခေါင်းဆောင်တစ်ဦးက ပြောကြားလိုက်သည်။ လုံခြုံရေးမှာလည်း တင်းကျပ်ထားကြောင်း သိရသည်။

စွပ်စွဲ

ယခုကဲ့သို့ တိုက်ခိုက်မှုများ ဖြစ်ပွားရမှုမှာ အမေရိကန်တို့က လုံခြုံမှုရှိအောင် ကာကွယ်တားဆီး မပေးနိုင်သောကြောင့်ဖြစ်ကြောင်း လူထုက ပြောကြားလျက်ရှိသည်ဟု စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အင်တာနက်။

ဝင်ရောက်စစ်ဆေး

မတ် ၇ ရက်က အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်တွင် နို့ချက်စက်ရုံတစ်ရုံကို ဝင်ရောက်ရှာဖွေ စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ နို့ချက်စက်ရုံကို စီးနင်းဝင်ရောက်ရန် စီစဉ်နေသောအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့်အက်စ်တိုးနီးယား တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လိမ်ညာသည့်အကြောင်းပြချက်များဖြင့် အီရတ်ကို ဘုရှ်တိုက်ခိုက်ခဲ့ အမေရိကန်၏ ဂုဏ်သိက္ခာကို အနိမ့်ဆုံးအခြေအနေဖြစ်အောင်လုပ်ခဲ့

ဝါရှင်တန် မတ် ၈

အမေရိကန် ဦးဆောင်တိုက်ခိုက်ခဲ့သည့် အီရတ်စစ်ပွဲနှင့်ပတ်သက်ပြီး မိမိတို့၏ ထင်မြင်ယူဆချက်များကို စီအင်န်အင်န်သတင်းဌာန အိုးပင်းဖိုရမ် အစီအစဉ်သို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ဆက်လက်ပေးပို့လျက်ရှိကြရာ စင်ကာပူမှ ရှုမြင်သုံးသပ်သူတစ်ဦးက ရေးသားပေးပို့လိုက်သည်မှာ သမ္မတဘုရှ်သည် အမေရိကန်နိုင်ငံ၏ ဂုဏ်သိက္ခာကို သမိုင်းတွင်အနိမ့်ဆုံးအဆင့်ထိ ကျဆင်းသွားအောင် လုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းမှာအမေရိကန် ပြည်သူများကိုရော တစ်ကမ္ဘာလုံးကိုပါ လိမ်ညာသည့်အကြောင်းပြချက်များပေးပြီး အီရတ်ကို တိုက်ခိုက်ခဲ့ကြောင်း၊ယင်းကိစ္စနှင့် ပတ်သက်ပြီး သမ္မတ ဘုရှ်ကိုယ်တိုင် ရရှိခဲ့သည့် ထောက်လှမ်းရေး သတင်းများသည် အမှားအယွင်းများဖြစ်ပြီး ချွတ်ချော်မှုများရှိနေသည်ဆိုခြင်းကို ၎င်းကိုယ်တိုင်ပင် သိရှိခဲ့သူမဟုတ်ကြောင်း၊ ၎င်းရပ်တည်လုပ်ဆောင်ခဲ့မှုများနှင့် ဆက်လက်ဖြစ်ပေါ်လာသည့် အကျိုးဆက်များအတွက် သမ္မတဘုရှ်ကသာ တာဝန်ယူရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်ဟု စီအင်န်အင်န် သတင်းဌာနက ဖော်ပြသွားသည်။ **စီအင်န်အင်န်။**

မိုဆူးလ်တွင် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွား အရပ်သားတစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရ

မိုဆူးလ်(အီရတ်) မတ် ၇

အီရတ်နိုင်ငံ မိုဆူးလ်တွင် အီရတ်ရဲတပ်ဖွဲ့နှင့် လက်နက်ကိုင်များ ပစ်ခတ်တိုက်ခိုက်ကြရာ အရပ်သားတစ်ဦး သေဆုံးသွားပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။

ပစ်ခတ်

မိုဆူးလ်မြို့လယ်ကောင် ဆူကာဒေသရှိ ရဲတပ်ဖွဲ့ဌာနကို တိုက်ခိုက်သူများက ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အေဇယ်ဟတ်ဖူဒီက ပြောကြားသည်။

ဒဏ်ရာရရှိ

ရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များ အပြန်အလှန် ပစ်ခတ်နေကြစဉ် ကားဖြတ်မောင်းလာသည့် အရပ်သားတစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားပြီး ဒုတိယကားအတွင်း လိုက်ပါလာသော ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဟတ်ဖူဒီက ပြောကြားသည်။

ဖော်ပြပါအရပ်သားမှာ ခေါင်းနှင့် ပခုံးတွင် သေနတ်မှန်သည့်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း မိုဆူးလ်ဆေးရုံမှ ဆရာဝန် အက်ဗ္ဗဒူလာရာဂျက်က ပြောကြားသည်။ **အင်တာနက်။**

အီရတ်မြောက်ပိုင်းရှိရဲစခန်း ဒုံးပစ်လောင်ချာဖြင့်တိုက်ခိုက်ခံရ

မိုဆူးလ်(အီရတ်) မတ် ၈

အီရတ်မြောက်ပိုင်းရှိ ရဲဌာနတစ်ခုကို ကားတစ်စင်းပေါ်မှ တိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာဖြင့် တနင်္ဂနွေနေ့က ပစ်ခတ်တိုက်ခိုက်ကြပြီး ရဲဌာနစစ်ဆေးဂိတ်ကိုလည်း ပစ်ခတ်ခဲ့ကြရာ အရပ်သားနှစ်ဦး သေဆုံးကာ အခြားတစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်လိုက်သည့်ဒုံးပစ်လောင်ချာကျည်ဆန်သည် ရဲဌာနအား မထိဘဲ အနီးရှိ ကျောင်းတစ်ကျောင်းကို ထိမှန်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ပေ။ တိုက်ခိုက်ရေးသမားများသည် ထွက်ပြေးသွားခဲ့ကြသည်။

တိုက်ခိုက်ရေးသမားများလာရောက်ပြီး ရဲတပ်ဖွဲ့ဝင်များနှင့်ဒေသခံတို့ကို စတင်ပစ်ခတ်ကြကြောင်း ဗိုလ်မှူးကြီး ဆူလေမန်က ပြောကြားသည်။

ယင်းသို့ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးကာ အခြားတစ်ဦးမှာ ရရှိထားသော ဒဏ်ရာများကြောင့် နောက်ပိုင်းတွင် သေဆုံးသွားသည်။ တတိယလူမှာ ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း၎င်းကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ တည်ရှိရာဝင်းအတွင်း ဒုံးကျည်များကျရောက်ပေါက်ကွဲ

ဘဂ္ဂဒက် မတ် ၇

ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များရုံးစိုက်ရာ ဌာနချုပ်ဝင်းအတွင်း ည ၇ နာရီ ၂၅ မိနစ်ခန့်အချိန်တွင် အနည်းဆုံး ဒုံးကျည်ငါးလုံး ကျရောက် ပေါက်ကွဲရာ ပုဂ္ဂလိက လုံခြုံရေးအစောင့်တစ်ဦး ဒဏ်ရာ အနည်းငယ်ရရှိသွားကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပုဂ္ဂလိကလုံခြုံရေးအစောင့်မှာဗုံးဆန်ထိမှန်ခဲ့သော်လည်း ဒဏ်ရာရရှိမှုအတွက်ကုသမှုခံယူပြီးနောက်ချက်ချင်း တာဝန်ပြန်လည်ထမ်းဆောင်ခဲ့ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များ အသုံးပြုနေသော အယ်လ်ရာရှစ် ဟိုတယ်ကို ဒုံးကျည်ခြောက်စင်းမှ ရှစ်စင်းအထိ ပစ်ခွင်းခံခဲ့ရသည်။ ထိုအဆောက်အအုံမှာ အီရတ်၏ ယခင်အစိုးရလက်ထက်က ဈေးဆိုင်ခန်းမျိုးစုံနှင့် ကလေးကစားစရာ ရောင်းချရာနေရာများ၏ ခေါင်မိုးထပ်၌ ပါရှိသော အဆောက်အအုံတစ်ခုဖြစ်သည်။

တိုက်ခိုက်ရေး သမားများသည် လိမ္မော်ရောင်နှင့် အဖြူရောင်ဆေးများ သုတ်ထားသော တိုယိုတာယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး အယ်ရာရှစ်ဟိုတယ်၏ အနောက်မြောက်ဘက် မီတာ ၄၀၀ ခန့် အကွာနေရာမှ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်ဗိုလ်မှူးချုပ် မတ်ကင်းမစ်က အေပီသတင်းဌာနသို့ ပြောကြားသည်။

ဟိုတယ်ကို ပစ်ခတ်သော ဒုံးကျည်များ၏ နောက်မှပန်းထွက်သော မီးများကြောင့် တိုက်ခိုက်ရာ၌ အသုံးပြုသော မော်တော်ယာဉ်မှာ မီးစွဲသွားပြီးနောက် တိုက်ခိုက်ရေးသမားများက ယာဉ်ကို စွန့်ပစ်ခဲ့ကြသည်။ အသုံးပြုသော ဒုံးကျည်မှာ ၆၈ မမ သို့မဟုတ် ၈၁မမ ဒုံးကျည်အမျိုးအစားဖြစ်ပြီး ပြောင်းကိုးခု ပါရှိသော အိမ်လုပ် ဒုံးပစ်စင်များကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ကင်းမစ်က ဆက်လက်ပြောကြားသည်။

ပြီးခဲ့သောနှစ် အောက်တိုဘာလ ၂၆ ရက်ကလည်း ရာရှစ်ဟိုတယ် သည် ဒုံးကျည်များဖြင့် အတိုက်ခိုက် ခံခဲ့ရသေးသည်။

ထိုစဉ်က ဟိုတယ်တွင် အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဝုလ်ဖိုဝုဒ်တည်းခို နေထိုင်လျက်ရှိပြီး ပစ်ခတ်ခဲ့သော ဒုံးကျည်များကြောင့် အမေရိကန်စစ်ဘက် ပုဂ္ဂိုလ်တစ်ဦး သေဆုံးခဲ့ပြီး အခြား ၁၇ဦးတို့ ဒဏ်ရာရရှိသွားခဲ့သည်။

မျက်မြင်တွေ့ရှိသူတစ်ဦးက ဒုံးကျည်တစ်ဒါဇင်ခန့်တက်သွားသည်ကို တွေ့လိုက်ရပြီးနောက် ပေါက်ကွဲသံကြီးကြားလိုက်ရသည်။ ဒုံးကျည်များမှာ ယခင် ပြန်ကြားရေး ဝန်ကြီးရုံးဟောင်းရှိရာ လမ်းဘက်မှ ထွက်လာသည်ကို သိရ သော်လည်း မည်သည့်နေရာတွင် ကျရောက် ပေါက်ကွဲသည်ကိုမူ မသိရကြောင်း အသက် ၃၂ နှစ်အရွယ်ရှိ အငှားယာဉ် မောင်းသမား မိုဟာမက်မင်ဟာလ်းက ပြောကြားသည်။

ယခုဖြစ်ပေါ်လာသော ပေါက်ကွဲမှုများသည် အီရတ်နိုင်ငံ၌ ကြားဖြတ်အခြေခံဥပဒေ ဆိုင်ရာများ သဘောတူလက်မှတ်ထိုးရန် ပြင်ဆင်နေချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်သည်။

အင်တာနက်။

အီရတ် လက်နက်ကိစ္စ ဘုရှ် ဝေ့လည်ကြောင်ပတ်လုပ်ခဲ့

ဂျက်ဆန်(မက်ဆာချူးဆက်) မတ် ၇

အမေရိကန်သမ္မတဟောင်းဂျဲဒဗလျူဘုရှ်သည် ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှုကို သီးခြားစုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင်လည်းကောင်း၊ ဆက်ဒမ်ဟူစိန်သည် အီရတ်နိုင်ငံတွင် လူအစုလိုက် အပြုံလိုက်သေစေနိုင်သည့် ဖျက်အားပြင်းလက်နက်များကို ဝှက်ထားသည်ဆိုသော ထောက်လှမ်းရေးသတင်းများကို ပြန်လည်သုံးသပ်မှုပြုလုပ်ရာတွင်လည်းကောင်း ဝေ့လည်ကြောင်ပတ် ပြုလုပ်လျက်ရှိကြောင်း ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဂျွန်ကယ်ရီက စွပ်စွဲလိုက်သည်။ သမ္မတဘုရှ်သည် စစ်မှန်သောမှတ်တမ်းမှတ်ရာများရရှိစေရန် မိမိတို့ကြိုးပမ်းနေမှုများနှင့် မျက်မြင်တွေ့ရှိသူများအား မေးမြန်းနေမှုများကို အတိုက်အခံပြုလုပ်နေကြောင်း ပြည်ထောင်စုကော်မရှင်အဖွဲ့ဝင်အချို့၏ အပြစ်တင်ပြောကြားမှုကို ဂျွန်ကယ်ရီက ထောက်ခံထားသည်။

ဖြစ်ရပ်မှန်သိလို၍ စုံစမ်းစစ်ဆေးနေမှုနှင့် အမေရိကန်ပြည်ထောင်စု၏ သမိုင်းတစ်လျှောက် လုံးတွင် အကြီးဆုံးသော လုံခြုံရေးဟာကွက်ဖြစ်ပေါ်မှုကို ဘုရှ်အစိုးရကမည်သည့်အတွက်ကြောင့် ဝေ့လည်ကြောင်ပတ်ဖြင့် ကဖျက်ယဖျက်လုပ်နေရသနည်းဟု ကယ်ရီကသတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

အမေရိကန်ပြည်သူလူထုအနေဖြင့် ယခုအချိန်တွင် အဖြေတစ်ရပ် ရရှိသင့်နေပြီဖြစ်ကြောင်း ကယ်ရီက ဆက်လက်ပြောကြားသည်။

အင်တာနက်။

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းဘလစ် အီရတ်တွင် လက်နက်ရှာဖွေမှု အတွေ့အကြုံများ စာအုပ်ထုတ်ဝေ

လန်ဒန် မတ် ၈

ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်နှင့် ဘလဲတို့သည် အီရတ်နိုင်ငံကို တိုက်ခိုက်ရန် စစ်ပွဲပြင်ဆင်နေချိန်တွင် ၎င်းတို့အနေဖြင့် အီရတ်နိုင်ငံ၏ ခြိမ်းခြောက်မှုများကို အမှန်ရှိနေသော အခြေအနေများထက် ချဲ့ကားလုပ်ဆောင်နေကြသည်ဟူသော အချက်ကို သတိပြု သိရှိခဲ့ဟန်ရှိကြောင်း ဟန်းဘလစ်က ပြောကြားသည်။ ဟန်းဘလစ်သည် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်းတစ်ဦးဖြစ်သည်။

စစ်ပွဲပြင်ဆင်မှုများ ပြုလုပ်နေစဉ်ကာလက ဟန်းဘလစ်သည် အီရတ်၏ ဓာတု၊ ဇီဝနှင့် နျူကလီးယားလက်နက်များ ရှာဖွေရေးကိစ္စများနှင့် ပတ်သက်၍ ထိုလုပ်ရပ်ကို ရပ်ဆိုင်းသင့်ကြောင်း ဖော်ပြချက်အနည်းအကျဉ်းကိုအစီရင်ခံ ဖော်ပြခဲ့သည်။ အဆိုပါ ဖော်ပြချက်ကို အမေရိကန်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်တို့က လျစ်လျူရှုခဲ့ ကြသည်ဟု ဆိုသည်။

ဘလစ်သည် ၁၉၈၁ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင် အေဂျင်စီ၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက်ပိုင်း ၂၀၀၃ ခုနှစ်သို့ ရောက်သည့်တိုင်အောင် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးနှင့်ထိန်းချုပ်ရေးကော်မတီ၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဘလစ်သည် အီရတ်နိုင်ငံတွင် လက်နက်ရှာဖွေစဉ်က ရရှိခဲ့သော အတွေ့အကြုံများကို အခြေခံပြီး စာအုပ်တစ်အုပ် ရေးသားထုတ်ဝေလိုက်သည်။ ထိုစာအုပ်မှာ လာမည့် အင်္ဂါနေ့တွင် စတင်ရောင်းချမည်ဖြစ်သည်။ စာအုပ်၏ အမည်မှာ "အီရတ်နိုင်ငံကို လက်နက်ဖြုတ်သိမ်းခြင်း (သို့မဟုတ်) ဖျက်အားပြင်း လက်နက်များ ရှာဖွေခြင်း" ဖြစ်သည်။

ဖန်တီးနိုင်သူ

၎င်း၏စာအုပ်တွင် အမေရိကန်သမ္မတနှင့် ဗြိတိန်ဝန်ကြီးချုပ်များအပေါ် ဝေဖန်ချက်များသည် အတော်အတန်ပျော့ပျောင်းမှု ရှိလာသည်ဟုဆိုသည်။ သို့ရာတွင် ၎င်းတို့နှစ်ဦးသည် သာမန်ပုဂ္ဂိုလ်များ မဟုတ်ဘဲ ကမ္ဘာကြီး၏ စစ်နှင့် ငြိမ်းချမ်းရေးကို ဖန်တီးနိုင်သူများဖြစ်၍ ၎င်းတို့၏ အရေးကြီးလှသော လုပ်ဆောင်မှုများတွင် ရိုးသားမှုရှိပါ၏လောဟူသော မေးခွန်းကို မေးသင့်လှကြောင်း ဘလစ်က သူ၏ စာအုပ်တစ်နေရာတွင်တင်ပြထားသည်။

အမေရိကန်နှင့် အပေါင်းပါများသည် တစ်နှစ်နီးပါးမျှ အချိန်ယူ၍ ဖျက်အားပြင်း လက်နက်များကို ရှာသော်လည်း ဆုပ်ဆုပ်ကိုင်ကိုင် ဖော်ထုတ်နိုင်ခဲ့ခြင်းမရှိကြကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စစ်ဆေးရှာဖွေ

မတ် ၇ ရက်က ဘဂ္ဂဒက်မြို့တွင် ကျောက်တင်ထရပ်ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စေ့စေ့စပ်စပ် စစ်ဆေးရှာဖွေနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်တပ်ဖွဲ့များ မြေမြှုပ်မိုင်းရန်ကိုကြောက်၍ အီရတ်တွင် မိုင်းရှာဖွေသည့် စစ်ဆင်ရေးကို သီးသန့်ဆင်နွှဲနေရ

တီကရစ် မတ် ၈

အီရတ်နိုင်ငံတွင် အမေရိကန်အများအပြားမှာ အခြားလက်နက်များကြောင့် သေဆုံးရသည်ထက် မြေမြှုပ်မိုင်းကြောင့် သေဆုံးရသည်က ပိုမိုများပြားနေသည်။ သို့ဖြစ်၍ ယခုအခါ အမေရိကန် မိုင်းရှာဖွေရေးတပ်ဖွဲ့ဝင်များသည်မြေမြှုပ်မိုင်းများကိုရှာဖွေရှင်းလင်းခြင်းဖြင့် တစ်နေကုန် အလုပ်ရှုပ်နေကြရသည်။

အီရတ်ရှိအမေရိကန်တပ်ဖွဲ့ဝင်များက မြေမြှုပ်မိုင်းများကို အိုင်အီးဒီဟူသော အတိုကောက်စကားလုံးများဖြင့် အမှတ်သညာပြုခေါ်ဝေါ်သုံးနှုန်းကြသည်။စစ်ရေးစစ်ရာစီမံသူများသည် ကူဝိတ်နိုင်ငံနယ်စပ်မှ အီရတ်နိုင်ငံ မြောက်ပိုင်းအထိ ရှည်လျားသော အမှတ်(၁)လမ်းမကြီးတစ်လျှောက်တွင် မိုင်းများရှာဖွေရန် ထိပ်တန်း ဦးစားပေးလုပ်ကိုင်လျက်ရှိသည်ဟုဆိုသည်။ ဇန်နဝါရီတစ်လတည်းတွင် အီရတ်နိုင်ငံ၌ မြေမြှုပ်မိုင်းများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၂၃ ဦးသေဆုံးခဲ့ရသည်။

အထက်ဖော်ပြပါ အဓိကထောက်ပံ့ရေးလမ်းမကြီးတွင် မိုင်းရှင်းလင်းရေး ဆောင်ရွက်နေသော စစ်ဆင်ရေးကို "ထရေးဗလာဇာ" စစ်ဆင်ရေးဟု အမည်ပေးထားသည်။ အီရတ်မှ အမေရိကန်တပ်များ လဲလှယ်ရန် ကူဝိတ်သို့ အထွက်နှင့် တပ်အသစ်များ ကူဝိတ်မှဝင်အလာတွင် အထိအခိုက်နည်းပါးစေရန် ဖော်ပြပါစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် အမှတ်(၁၄)အင်ဂျင်နီယာတပ်များသည် အီရတ်သို့ရောက်လာစဉ်က အီရတ်ရှိ စစ်လက်နက်ထားသိုရာစခန်းများကို ရှင်းလင်းရန် ရည်ရွယ်ခဲ့ကြသည်။ သို့သော် အီရတ်နိုင်ငံအတွင်းသို့ ရောက်လာသောအခါ အမေရိကန်တပ်ဖွဲ့များသည် မြေမြှုပ်မိုင်းများကြောင့် အသေအပျောက် များပြားလာသည်ကို ခံစားမိလာကြသည်။

ထိုအခြေအနေကြောင့် မူလရည်မှန်းထားသောအလုပ်မှ ပြောင်းလွဲလိုက်ပြီး မြေမြှုပ်မိုင်းများ ရှာဖွေသောအလုပ်ကို ပြောင်းလွဲလုပ်ကိုင်ခဲ့ရကြောင်း အမှတ်(၅၅၅) အင်ဂျင်နီယာအုပ်မှ ဗိုလ်မှူးကြီး ခရစ္စတိုဖာက အေပီသတင်းဌာနကို ရှင်းပြသည်။

စစ်ပြီးသွားသောအချိန်တွင် အီရတ်နိုင်ငံ တစ်ခွင်တစ်ပြင်တွင် ခဲယမ်းမီးကျောက်အများအပြား ကျန်ရစ်သည်ဖြစ်၍ အိုင်အီးဒီဗုံးများလုပ်နိုင်ရန် ကုန်ကြမ်းပေါပေါများများ ရှိနေသည်။ မိုင်းထောင်ရာ၌ အီရတ်တိုက်ခိုက်ရေးသမားများသည် တိရစ္ဆာန်များ၏ ကိုယ်အတွင်း၌ပင် ထည့်၍ ထောင်ထားတတ်ကြသည်ဟု အမေရိကန်တပ်ကြပ်ကြီး ကော့ဒ်ဂေနီကဆိုသည်။

အင်တာနက်။

တူရကီ အင်ဂျင်နီယာနှင့် အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦး ပစ်ခတ်သတ်ဖြတ်ခြင်းခံရ

ကန်ဒါဟာ မတ် ၈

တူရကီအင်ဂျင်နီယာတစ်ဦးနှင့် အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးတို့မှာ ကဘူးမြို့တော်နှင့် ကန်ဒါဟာသွား အဝေးပြေး လမ်းမကြီးတစ်လျှောက် မောင်းနှင်လာပြီးနောက် ခေတ္တရပ်နားစဉ် သေနတ်သမားတစ်စု၏ ပစ်သတ်မှုကို ယမန်နေ့က ခံလိုက်ရကြောင်း ဒေသခံတပ်မှူးနှင့် တူရကီအရာရှိများက ပြောဆိုသည်။

ထို့နောက် တူရကီအင်ဂျင်နီယာတစ်ဦးနှင့် မော်တော်ကားယာဉ်မောင်းတို့ကို သေနတ်သမားများက ပြန်ပေးဆွဲသွားသည်ဟု ဇာဘူးပြည်နယ် တပ်မှူးခန်းက ပြောဆိုသည်။

အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များက ပစ်ခတ်သွားသူများကို ပိုက်စိပ်တိုက်ရှာဖွေနေကြောင်း၊ မော်တော်ကားပေါ် လိုက်ပါလာသည့် တပ်ဖွဲ့ဝင်များမှာ အင်ဂျင်နီယာများကို ကာကွယ်ရမည့်တာဝန်ရှိကြောင်း တပ်မှူးခန်းက ပြောဆိုသည်။

ကဘူးမြို့ရှိ တူရကီသံရုံးမှ သံတမန်တစ်ဦးဖြစ်သူ ဒိုရန်ကမားလ်က တူရကီတစ်ဦးအပါအဝင် နှစ်ဦး အသတ်ခံလိုက်ရကြောင်း အတည်ပြုပြောဆိုသည်။ သို့သော် အသေးစိတ်ပြောဆိုခြင်းမပြုပေ။ ***အင်တာနက်။***

လက်နက်စစ်ဆေးရေးမှူးများ အီရတ်သို့ပြန်လည်စေလွှတ်ရေး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ စဉ်းစားချင့်ချိန်လျက်ရှိ

ကုလသမဂ္ဂ မတ် ၈

အီရတ်တွင် သမားရိုးကျမဟုတ်သော လက်နက်များ ရှိ၊ မရှိ အပြီးအပြတ် ပြောဆိုနိုင်ရန် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများကို အီရတ်သို့ ပြန်လွှတ်ရန် အချိန်ကျရောက်ပြီဟု ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင် သုံးလေးနိုင်ငံက သောကြာနေ့တွင် အကြံပြုသည်။

သို့သော် ယင်းကိစ္စ ကိုင်တွယ်ရန် စောလွန်းသေးသည်ဟုဆိုကာ အမေရိကန်နှင့် စပိန်တို့က ကန့်ကွက်ကြောင်းဖြင့် လုံခြုံရေးကောင်စီ သံတမန်များက ပြောဆိုသည်။

ဆုတ်ခွာခဲ့

ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများသည် အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ခြင်း မပြုမီတွင် အီရတ်နိုင်ငံမှ လွန်ခဲ့သည့် တစ်နှစ်က ပြန်လည်ဆုတ်ခွာခဲ့ခြင်းဖြစ်သည်။

ပိတ်ပင်

အီရတ်စစ်ပွဲအပြီးတွင် အမေရိကန်နိုင်ငံက ဒေးဗစ်ကေး ဦးဆောင်သည့် အမေရိကန် လက်နက်စစ်ဆေးရေးမှူးများကို အီရတ်သို့ စေလွှတ်ခဲ့ပြီး ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများအား အီရတ်သို့ ပြန်လာခွင့်ပေးရန် ငြင်းပယ်ပိတ်ပင်ခဲ့သည်။

အီရတ်ကို စစ်ဆင်ရန် အမေရိကန်သမ္မတဘုရှ် အကြောင်းပြခဲ့သည့် တားမြစ်လက်နက်များ ယင်းနိုင်ငံတွင် မရှိကြောင်း ဒေးဗစ်ကေး၏ လက်နက်စစ်ဆေးရေးအဖွဲ့က ကောက်ချက်ချသည်။

အီရတ်နိုင်ငံ ကျူးကျော်ရေးတွင် အမေရိကန်၏ မဟာမိတ်ဖြစ်သည့် ဗြိတိန်နိုင်ငံအတွင်းနှင့် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတွင် သမ္မတဘုရှ် ပြန်အရွေးခံရမည့် အမေရိကန်နိုင်ငံအတွင်းတို့တွင် အီရတ်၏ တားမြစ်လက်နက်များ အရေးမှာ အဓိကနိုင်ငံရေးပြဿနာတစ်ရပ် အဖြစ်သို့ ရောက်ရှိနေသည်။ ***အင်တာနက်။***

အီရတ်သုံးဦးကို ဗြိတိသျှတပ်ဖွဲ့ဝင်များသတ်ဖြတ် တိုက်ပွဲတွင် ဗြိတိသျှတပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရရှိ

ဘာဆရာ မတ် ၈

အီရတ်နိုင်ငံတောင်ပိုင်း အိုးလ်ကျေးရွာတွင် အီရတ်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားသဖြင့် အီရတ်သုံးဦး သေဆုံးပြီး ဗြိတိန်တပ်ဖွဲ့ဝင် ခုနစ်ဦး ဒဏ်ရာရသွားသည်။

ဗြိတိန်တပ်ဖွဲ့ဝင်များက ၎င်းတို့အား စတင်ပစ်ခတ်ခြင်းဖြစ်ကြောင်း ပြောဆိုသည်။ သေဆုံးသူ အီရတ်များမှာ ခုခံတွန်းလှန်ရေးသမားများ၊ သို့မဟုတ် အပြစ်မဲ့ အရပ်သားများ ဟုတ်၊မဟုတ် ဟူ၍ လောလောဆယ် မသိရသေးဟု ဆိုသည်။

အိုးလ်ကျေးရွာတွင် ဗြိတိန်တပ်ဖွဲ့ဝင်များ ပုံမှန်ကင်းလှည့်စဉ် သေနတ်ဖြင့် အပစ်ခံရပြီးနောက် တိုက်ပွဲဖြစ်ပွားခြင်းဖြစ်သည်ဟု ဗြိတိန်စစ်တပ် ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ အီရတ်သုံးဦးကို ပစ်သတ်လိုက်ခြင်းဖြစ်ပြီး ယခုအခါ ယင်းကိစ္စကို စုံစမ်းနေသည်ဟုလည်း ၎င်းက ပြောဆိုသည်။

အင်တာနက်။

ကင်းလှည့်ဝဲပျံ

မတ် ၇ ရက်က အီရတ်နိုင်ငံ တိုက်ကရစ်မြစ်ပေါ်တွင် ကင်းလှည့်ဝဲပျံနေသည့် အမေရိကန် ဘလက်ဟော့ခ် ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သာသနရက္ခိတဓမ္မာရုံသစ် ဖွင့်လှစ်ရေစက်ချ

ရန်ကုန်　　မတ်　　၉

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက်၌ ဆောက်လုပ်ပြီးစီးသော သာသနရက္ခိတ ဓမ္မာရုံသစ်ကြီးကို မတ် ၇ ရက်တွင် ဖွင့်လှစ်ခဲ့ရာ တိပိဋကဓရ တိပိဋကကောဝိဒ ဦးသုန္ဒရ စွန်းလွန်းဂူကျောင်းတိုက် ပဓာနနာယက ဆရာတော်က ရေစက်ချတရားချီးမြှင့်ဟောကြားပြီး မတ်၇မှ ၉ရက်ထိ ဓမ္မပူဇာတရားပွဲများကျင်းပခဲ့သည်။ (က-ပ)

ငြိမ်းချမ်းသာယာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

အဆင်းလက်စေသည့် နနွင်းတက်၏အစွမ်း

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

"နနွင်း"ကို ထိခိုက်ပွန်းပဲ့ရှနာ၊ယားနာများ ဖြစ်ပွားပါက အနာပေါ် သိပ်ပေး၊လိမ်းပေးခြင်းပြုလေ့ရှိကြသည့်အပြင် ၎င်း၏အဆင်းအနံ့ကြောင့် ဟင်းလျာများ အဆင်းအရောင်လည်းလှ၊ အညှီအဟောက်နံ့လည်း ပျောက်စေခြင်းကြောင့် အိမ်ရှင်မတိုင်း စားဖိုချောင်(မီးဖိုချောင်)သုံးပစ္စည်း၊ဟင်းခတ်ပစ္စည်းအဖြစ် အသုံးများလှသော အပင်ထွက်ပစ္စည်းတစ်မျိုးလည်းဖြစ်ကြောင်း သိရှိကြပြီးဖြစ်သည်။ ထို့ပြင် နနွင်းကို ဝါဂွမ်း၊ သိုးမွေး၊ပိုးထည်၊ ချည်ထည်တို့တွင်လည်းကောင်း၊ ထောပတ်၊ဒိန်ချဉ်၊ ထမင်း (ဥပမာ ဒံပေါက်ထမင်း၊ ထောပတ်ထမင်း စသည်)များနှင့် မဆလာစသည်တို့တွင်လည်းကောင်း အရောင်တင်ဆိုးဆေးအဖြစ် ထည့်သွင်းအသုံးပြုကြသည်ကို တွေ့ရမည်ဖြစ်သည်။

"နနွင်း"ကို အသုံးပြုပုံနှင့်စပ်လျဉ်း၍ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မကျန်းမာသော ရဟန်းတော်များအား နနွင်းမြစ် ချင်း(ဂျင်း)စိမ်း၊ လင်းနေမြစ်၊ဆိပ်ဖူးမြစ် စသည်တို့အပါအဝင် အမြစ်ဆေးများကိုအသုံးပြုရန် ခွင့်ပြုတော်မူခဲ့သည်ကို "ဝိနည်းပိဋက မဟာဝဂ္ဂပါဠိတော်၊ဘေသဇ္ဇက္ခန္ဓက"၌ လည်းကောင်း ရှင်အဂ္ဂသမာဓိ၏ဘုံခန်းပျို့၌ "ကြောက်အေးခေါင်းနာ၊ ရောဂါထွေပြား၊ ရှိတုံငြားလည်း၊ ဆေးဝါးဖော်ထုတ်၊ ငရုတ်မုန်ညင်း၊ ချဉ်ချို သွေးနှင့်၊ နနွင်းကသယ်၊ လိမ်းဆီနယ်လျက်"ဟု လည်းကောင်း၊ ရုပ်သေးမင်းသားကြီး ကျပင်းဆရာဖိး၏ ဗုဒ္ဓဝင်ဇာတ်တော် ဆိုင်ရာစာစု၊ ဆိုင်းဆင့်နှင့် မီးနေခန်းကဗျာတွင် "နနွင်းလဲ့လဲ့ဝင်းမှည့်လို့ထိန်၊ နီဖလံမျိုး၊ ပြည်တန်ပိုးကဲ့သို့ အို…ဗျ သတိုးစိန်ခင်လေးခင်ဗျာ…"၊ လေပြည်လေးများ သုတ်မှဖြင့် ရွှေနန်းထုပ် ရှုရအောင် အုတ်ပူရင်းပြား၊ နနွင်းဆားနှင့်၊ ဟင်းခါးရေနွေး၊ မသက်သာခင်၊မျက်နှာမြင်တုန်း၊ ဆက်ခါပင်သုံးရမယ်နော်…"ဟုလည်းကောင်း၊ နရသုခိကျမ်းတွင် "နနွင်းတွင်မြောက်၊ အခိုးရောက်က၊ ထုံးကျောက်နည်းတူ၊ မှတ်ယူချင့်တွေး၊ သွေးငုပ်၊ လေငုပ်၊ အပုပ်အာဟာရ၊ အကင်းထသော်၊ ကြွေစွလည်းဟု၊ အေးမြသူ့ကို၊ နွေးယူစေလျှင်း၊ ပူရှိန်ပြင်းလည်း၊ အေးခြင်းရောက်တိုင်၊ လေကိုနိုင်၏"ဟုလည်းကောင်း၊ ဓာတုရသလေးစောင်တွဲတွင် "နနွင်းတက်၏ ကျိုးဆက်တေဇော်၊ အာနုဘော်ကား၊ ဝါယောသည်းခြေ၊ လေပူထိက၊ အာဟာရကို ငုပ်ကြမထွက်၊ နာနိုပ်စက်လည်း၊ ဆက်လေမကြာ၊ လွတ်ငြိမ်းရာ၏"ဟုလည်းကောင်း အသီးသီးဖော်ညွှန်းခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

"နနွင်း"ကို မြန်မာအဘိဓာန်၌ ဝါထိန်သောမြစ်ဖုပိုင်းကို အမှုန့်ထောင်း၍ ဟင်းခတ်ရသော အရည်ရွှမ်းပင်ဟု ဖွင့်ဆိုထားပြီး ၎င်း၏ရုက္ခဗေဒအမည်မှာ Curcuma comosa Roxb/Curcuma langa Linn အင်္ဂလိပ်အမည်မှာ Turmeric နှင့် မျိုးရင်းမှာ Zingberaceae (ချင်းမျိုးရင်း)ဖြစ်သည်။ "နနွင်း"တွင် ရိုးရိုးနနွင်း(နနွင်းဝါ)၊ နနွင်းနီ၊ တောနနွင်း(ကျားနနွင်း)၊ နနွင်းခါး၊ နနွင်းတိမ်ပြာ(ဂမုန်းတိမ်ပြာ)၊ နနွင်းနက်ဟူ၍ အမျိုးမျိုးရှိပြီး ရိုးရိုးနနွင်း(နနွင်းဝါ)၊ နနွင်းခါးတို့ကိုသာလျှင် လူသုံးများပြီး အသုံးပြုသည့် အစိတ်အပိုင်းမှာ အတက်ဥ၊ ခေါင်းဥ၊ မြစ်စသည်တို့ဖြစ်သည်။ "နနွင်း"သည် ရွက်ယောင်ပင်စည်ဖြစ်ပြီး လေးပေ၊ ငါးပေခန့်မြင့်သည်။ အရွက်မှာ ပြား၍အဖျားချွန်သည်။ ရွက်ရင်းမှရွက်ဖျား ထိမြောင်းပါသည်။ အပွင့်သည် အဝါနုရောင်ရှိ၍ ဆိပ်ဖူးပွင့်နှင့်တူသည်။ နနွင်းခါးမှာ နနွင်းပင်နှင့် တူသော်လည်း အပင်နှင့်အရွက်သေးသည်၊ နနွင်းသည် အိန္ဒိယကျွန်းဆွယ်နှင့် အရှေ့တောင်အာရှဒေသများတွင် စတင်ပေါက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနှံ့အပြားတွင် ပေါက်ရောက်၍ အထူးသဖြင့် မြန်မာနိုင်ငံအထက်ပိုင်း တောတောင်များ၌ သဘာဝအလျောက် ပေါက်ရောက်ပါသည်။ စီးပွားဖြစ်စိုက်ခင်းအဖြစ်လည်း စိုက်ပျိုးကြသည်။ "နနွင်း"ကို မြေသားပေါင်တင်၍ ဖြစ်စေ၊ ရေစီးရေလာကောင်းသော မြေပြန့်တွင်ဖြစ်စေ စိုက်ပျိုးနိုင်ပြီး လောင်းရိပ်ကိုလည်း မကြောက်သဖြင့် အိမ်ဝိုင်းတွင်း၊ ဥယျာဉ်ခြံတွင်းတို့၌ စိုက်ပျိုးနိုင်ပါသည်။ နွံ့စေးမြေ၊နုန်းမြေ၊ရှမ်းပြည်နယ်ရှိ မြေနီများ၌ ပိုမိုဖြစ်ထွန်းပါသည်။ "နနွင်း" တစ်ဧကစိုက်ပျိုးလျှင် နနွင်းအခြောက် ပေါင်ချိန်၃၀၀၀(ပိဿာ၈၃၀ကျော်)ခန့် ထွက်ရှိပါသည်။

"နနွင်း"၏ အရသာနှင့် အကျိုးသွားမှာ ပူ၊စပ်(ရှားရှား)၊ခါး(သက်သက်)၊ (အနည်းငယ်) ဆိမ့်၊ဖန်၏။သွေးကိုညှိစေ၏။ "အပူ"သည် တေဇော၊ "အခါး" သည် ဝါယော၊ "ဆိမ့်၊ဖန်"သည် အာပေါ၊"အနံ့ကြည်လင် တောက်ပြောင်မှု" သည် အာကာသအဆင့်ဖြစ်သဖြင့် တုတ်(ဓာတ်)ငါးပါးလုံးအချိုးကျပါဝင်သော အပင်ထူးတစ်မျိုးဖြစ်၍ ခန္ဓာကိုယ်တွင်းရှိ အပူကိုထုတ်ပယ်နိုင်သကဲ့သို့ ခန္ဓာကိုယ်ပြင်ပရှိ ချွေးစေးပတ်ဖွဲ့မှုကိုလည်း နွေးစေသောကြောင့် "ပူလျှင်အေးစေ၊ အေးလျှင်ပူစေ"သော အစွမ်းလည်းရှိပါသည်။

"နနွင်း"နှင့်စပ်လျဉ်း၍ "တိုင်းရင်းဆေးပညာအမြင်"အရတင်ပြရလျှင် (မြန်မာဆေးကျမ်းများ အဆိုအမိန့်များအရ) "နနွင်း"သည် ပူ၍ဝမ်းမီးကိုတောက်စေခြင်း၊ လေကိုနိုင်စေခြင်းတို့ကြောင့် အစာမကြေ၊ အစာအိမ်ရောဂါတို့ကို ပျောက်ကင်းစေကြောင်း၊ သွေးသားကိုကြည်လင်တောက်ပစေခြင်း၊ သွေးကိုရင့်ကျက်စေခြင်း၊ အကြောများကိုပွင့်စေ၍ အခိုးအာကာသကို ရစေခြင်း၊ သွေးပုပ်၊လေပုပ်၊သည်းခြေပုပ်၊ အာဟာရအခိုးအကင်းတို့ ကြေစေခြင်း၊ လေ၊သလိပ်၊သွေးကိုလည်းနိုင်ခြင်း၊ ဓာတ်ငုပ်၊ဓာတ်ချုပ်များကိုလည်း ပွင့်စေခြင်းတို့ကြောင့် အနာဝင်ခြင်း၊ မန်းလိုက်ခြင်း၊ အပူဖျားဖျားခြင်း၊ ရေချိုးမှားခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းသွားခြင်းတို့အတွက်လည်းကောင်း၊ (အိန္ဒိယဆေးကျမ်းများအရ) "နနွင်း" သည် စပ်ခြင်း၊ ခါးခြင်း၊ အဆင်းကိုလှပစေခြင်းတို့ကြောင့် သလိပ်၊ လေ၊ သွေးဖောက်ပြန်ခြင်း၊ နှင်းခူ၊ အရေပြား၊ ပြည်တည်နာ၊ ရောင်ရမ်းနာ၊ နူတ်မမြိန်ခြင်း၊ သည်းခြေနှင့် အစာမကြေကျက်ခြင်း၊ ဆီးပူညောင်းကျရောဂါတို့အတွက်လည်းကောင်း အကျိုးပြုဆေးတစ်လက်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

"အနောက်တိုင်းဆေးပညာအမြင်အရ"ပြရလျှင် "နနွင်းခါး"သည် သွေးကြောတွင်ပိတ်ဆို့တတ်သော "အဆီဓာတ် (Cholestrol)ကို ဖယ်ရှားပေးစေသဖြင့် သွေးတိုးရောဂါအတွက် အကျိုးပြုပြီး "နနွင်း"တစ်အောင်စတွင် ပရိုတင်း ၁ ဒသမ ၈ ဂရမ်၊ အဆီဓာတ် ၁ ဒသမ ၅ ဂရမ်၊ ကာဘိုဟိုက်ဒရိတ်ဓာတ် ၂ ဒသမ ၇ ဂရမ်၊ ထုံးဓာတ် ၄၂ မီလီဂရမ်၊ သံဓာတ် ၅ ဒသမ ၅ မီလီဂရမ်၊ မီးစုန်းဓာတ် ၈၅ မီလီဂရမ်ပါဝင်ပြီး ကယ်လိုရီပမာဏအနေဖြင့် ၁၀၄ ဒသမ ၅ ရှိကြောင်း လေ့လာသိရှိရပါသည်။

လူသုံးများသည့်"နနွင်း(ရိုးရိုးနနွင်း)နှင့် နနွင်းခါးတို့၏ ဆေးဖက်အသုံးဝင်ပုံများ"မှာ

(၁) မျက်စိမှုန်ခြင်း၊ ဝေခြင်း၊ အသားအရေရှုံ့ခြင်းဖြစ်လျှင်။ ။ နနွင်းခါး၊ ဆားလှော်၊ စမုံမျိုးငါးပါးနှင့် မဖောက်ထုံးစသည့် ဆေးလေးမျိုးကို ဆတူပမာဏဖြင့် အမှုန့်ပြုလျက် ရေနှင့်သင့်ရုံထည့်ကြိတ်ပြီး နှစ်ပဲသားပမာဏခန့်လုံး၍ နေရိပ်ထဲတွင် အခြောက်လှမ်းကာ ခြောက်သွေ့လေလုံသော ပုလင်းတွင်ထည့်ပြီး တစ်နေ့လျှင် နံနက်၊ နေ့လယ်၊ ညပိုင်း တစ်လုံးစီဖြင့် တစ်နေ့လျှင်သုံးကြိမ်၊ သုံးလုံး သောက်ပါ။(မျက်စိစူးလျှင် နနွင်းကို ရေနွေးဖြင့် မှိုင်းခံပါ)။

(၂)။ နှာခေါင်းပိတ်ခြင်း၊ အနံ့မရခြင်းဖြစ်လျှင် နနွင်းမှုန့်ကို ရေဖြင့် မပြစ်မကျဲ ဖျော်ပြီးရှူခြင်း၊ နနွင်းစိမ်းတက်ကို မီးရှို့၍ မှိုင်းရှူခြင်းများပြုလုပ်ပေးပါ။ (နှာစေးလျှင် နနွင်းမှုန့်ကို ရေဖြင့်ဆူအောင်ကျိုလျက် ရေနွေးမှိုင်းခံပေးခြင်း၊ နှာတံကို ကြပ်ထုပ်ထိုးပေးခြင်းပြုပါ။)

(၃)။ သွားဖုံးရောင်ခြင်း၊ သွားနာခြင်း၊ သွားရင်းပိုင်းကြွေခြင်းဖြစ်လျှင် တမာရွက်ကို ကျွမ်းရုံပြာချ၍ နနွင်းမှုန့်နှင့်ဆတူရောပြီး သွားတိုက်ပါ။

(၄)။ အထက်လှန်အောက်လျှောရောဂါ၊ ပင်လယ်အူလျှောက်နာဖြစ်ပါက ချင်း(ဂျင်း)၊ နနွင်းနှင့် ကွမ်းရွက်ဆတူရော၍ ရေကျက်အေးဖြင့် တစ်ကြိမ်လျှင် လူကြီးနှစ်ပဲသား၊ ကလေးတစ်ပဲသားပမာဏသောက်ပြီး ၎င်းဆေးစုကိုပင် နှမ်းဆီဖြင့် လမ်းကောင်းရုံဖျော်ပြီး ဝမ်းဗိုက်ကိုလိမ်းပေးပါ။

(၅)။ ဝမ်းပျက်ပြီး ဝမ်းချုပ်ပါက ချင်း(ဂျင်း)၊ နနွင်းနှင့် ထန်းလျက်တို့ကို [နွေရာသီတွင် ချင်း(ဂျင်း)၊ မိုးရာသီတွင် နနွင်း၊ ဆောင်းရာသီတွင် ထန်းလျက်ပမာဏ အသီးသီးကဲလျက်] ပြုတ်ရည်နွေးနွေးကို နံနက်စောစောတွင် လက်ဖက်ရည်ကြမ်းပန်းကန်တစ်ခွက် ပမာဏသောက်ရန်ဖြစ်ပါသည်။

(၆)။ အသက်အရွယ်ကြီးသူ (ဝမ်းနုတ်ခြင်းမပြုသင့်သူ)များ အတွက် လက်ဖက်၊ နနွင်းနှင့် ဆားတို့ကို ပမာဏ(၃း၂း၁)စိမ်၍ ထုချေပြီး မျိုချကောင်းရုံ ပမာဏလုံး၍ တစ်ကြိမ်လျှင်သုံးလုံး(သို့မဟုတ်)ငါးလုံး နေ့စဉ် စားပေးပါက ဆီး၊ ဝမ်း မှန်စေပါသည်။

(၇)။ လေထိုးလေအောင့်ဖြစ်ပါက နနွင်းမှုန့်နှင့် ဆား(၃း၁)စပ်၍ တစ်နေ့ သုံးကြိမ်နှုန်းဖြင့် တစ်ကြိမ်လျှင် လက်ဖက်စားဇွန်းတစ်ဇွန်းပမာဏသောက်ပေးပါ။

(၈) အစာအိမ်ရောဂါဖြစ်လျှင်။ ။ နနွင်းတက်ကို ပါးပါးလှီး၍ နေရိပ်တွင်လှမ်းပြီး ပျားရည်လက်ဖက်စားဇွန်းတစ်ဇွန်းပမာဏဖြင့် တစ်ကြိမ်လျှင် သုံးပြား နေ့စဉ်သောက်ပါ။

(၉) သွေးဝမ်းသွားခြင်း၊ သွေးဆင်းလွန်ခြင်းဖြစ်ပါက ။ ။ နနွင်းမှုန့်ကို လက်ထုတ်ခေါက်မှုန့်ဆတူရောစပ်ပြီး ရေဖြင့်ကျိုချက်၍ ပျားရည်ဖြင့်သင့်ရုံရောစပ်ကာ တစ်ကြိမ်လျှင်လက်ဖက်စားဇွန်း တစ်ဇွန်းနှုန်းဖြင့် တစ်နေ့လျှင် သုံးကြိမ်သောက်ပေးပါ။

(၁၀) ကလေးဝမ်းသက်ပါက။ ။ ရေနံဆီဖြစ်စေ၊နှမ်းဆီဖြစ်စေ နနွင်းမှုန့်ဖြင့် သင့်ရုံဖျော်၍ ရင်ခေါင်းမှ ဝမ်းဗိုက်၊ ဆီးခုံထိဆွဲချလိမ်းပေးပါ။

(၁၁) အမျိုးသမီးများ ကိုယ်ဝန်ရှိ၍ ကျန်းမာပြီးမီးဖွားမှု လွယ်ကူစေရန်။ ။ နနွင်းမှုန့်ကို တစ်ကြိမ်လျှင် လက်ဖက်စားဇွန်းတစ်ဝက်ပမာဏဖြင့် တစ်နေ့တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့် စားပေးရပါသည်။

(၁၂) အမျိုးသမီးများ မီးဖွားပြီးနောက် သွေးတက်ခြင်း၊ သွေးပုပ်သွေးကျန်ခြင်း၊ ချည့်နဲ့ခြင်း ဖောရောင်ခြင်းများဖြစ်ပါက ။ ။ နနွင်းမှုန့်ကို ရေဖြင့်ဖျော်လိမ်းပြီး သောက်၍ဖြစ်စေ၊ မှိုင်းရှူ၍ဖြစ်စေ ပြုလုပ်ပြီးနောက် နနွင်းတက်ပြုတ်ရေဖြင့် ရေချိုးခြင်းပြုလုပ်ပေးရန်ဖြစ်ပါသည်။

(၁၃) လေငန်း၊သွက်ချာပါဒရောဂါစသည်တို့ ဖြစ်ပါက ။ ။ နနွင်းခါးကို ဆုံဖြင့်ထောင်း၍ ပျားရည်ဖြင့်စေးထန်းလာသည်အထိ မွှေလျက် ငရုတ်ကောင်းစေ့ခန့်အလုံးလေးများလုံးကာ ထိုဆေးလုံးကလေးများကို တစ်နေ့လျှင် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ တစ်ကြိမ်လျှင် ဆေးလုံးသုံးလုံးမှ ငါးလုံးခန့်အထိ စားသုံးရန်ဖြစ်ပါသည်။

(၁၄) ဆီးပူဆီးအောင့်ရောဂါဖြစ်ပါက။ ။နနွင်းမှုန့်နှင့် ဆီးဖြူသီးသတ္တုရည်(အစေ့မပါ)၊ ပျားရည်စသည့် ဆေးသုံးမျိုး ဆတူပမာဏခန့်ရော၍ တစ်ကြိမ်လျှင် လက်ဖက်စားဇွန်းနှစ်ဇွန်းနှုန်းဖြင့် တစ်နေ့လျှင် နှစ်ကြိမ်ခန့် သောက်ရန်ဖြစ်ပါသည်။

(၁၅) ဒူးဆစ်ရောင်ခြင်းအပါအဝင် အဆစ်အမြစ်ရောင်ခြင်း၊ ဒဏ်နာတို့ ဖြစ်ပါက။ ။ ရောင်သော၊ ဒဏ်ဖြစ်သော နေရာတွင် နနွင်း၊ စမုံနက်၊ ကြပ်ခိုးနှင့် ကွမ်းရွက်စသည့် ဆေးလေးမျိုးကို ဆတူပမာဏကြိတ်၍ သံပရာရည်ဖြင့် ဖျော်လိမ်းပြီး ပျော့ပျောင်းညင်သာစွာ နှိပ်ပေးပါ။

(၁၆) အသားလှချောမွေ့စေရန်။ ။ နနွင်းမှုန့်ကို ပျားရည်ဖြင့် ဆီးကင်းပမာဏ အရွယ်တောပြီး နံနက်တစ်လုံး၊ ညတစ်လုံး မှန်မှန်သောက်ပေးပြီး နနွင်းမှုန့်ကိုပင် ထောပတ်ဖြင့် ရော၍ အရေပြားပေါ်လိမ်းပေးခြင်းဖြင့် အသားအရေ နူးညံ့ပျော့ပျောင်း ချောမွေ့လာစေပါသည်။

(၁၇) ခန္ဓာကိုယ်ဝလွန်းသူများ အဆီကျစေရန်အတွက်။ ။ကွမ်းရွက်၊ နနွင်းခါး၊ 'ဝ'ဥနှင့် ကျောက်ချဉ်တို့ကို ပမာဏ ဆတူထုထောင်းပြီး အမှုန့်ပြု၍ရရှိသော ဆေးမှုန့်ကို လက်ဖက်စားဇွန်းတစ်ဇွန်း ပမာဏ တစ်နေ့ နှစ်ကြိမ် ရေနွေးဖြင့် သောက်ပါ။

(၁၈) အသားအရေအေးခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ခေါင်းအုံခေါင်းကိုက် အကြောတက်ခြင်း၊ မူးခြင်းစသည်တို့ဖြစ်ပါက။ ။နနွင်းမှုန့်ကို ရေဖြင့်ဖျော်လိမ်းခြင်း၊ ဦးခေါင်းထိပ်တွင် အုံပေးခြင်း၊ နနွင်းမှိုင်း ရှူစေခြင်း စသည်တို့ကို ပြုလုပ်ပေးရန်ဖြစ်ပါသည်။

(၁၉) အနာဝင်မန်းလိုက်ခြင်း၊အပူဖျား ဖျားခြင်း၊ရေချိုးမှားခြင်း၊ဝမ်းသွား/ဝမ်းပျက်ခြင်းဖြစ်ပါက။ ။ နနွင်းဥအစိမ်းကို ဆန်ဆေးရေဖြင့်သွေးပြီး ဇာတိပ္ဖိုလ်သီးကို သွေး၍ထည့်လျက် ဆားအနည်းငယ်ခတ်ကာ ရေနွေးဖြင့် (လူကြီး အကြမ်းပန်းကန်တစ်ဝက်၊ ကလေး ကြွေဇွန်းကြီးတစ်ဇွန်းပမာဏ) သောက်ရန်ဖြစ်ပါသည်။

"နနွင်း"ကို မီးဖိုချောင်သုံးဟင်းခတ်ပစ္စည်းသာမက အထက်ဖော်ပြပါအတိုင်း ဆေးဖက်ဝင်အသုံးပြုမှုများပြားသည့်အပြင် အပူငန်းဖျား၊ ချွဲသလိပ်ခြောက်နာတို့အတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၆ (ဟလိဒ္ဒစုဏ္ဏောင်းဆေး)တွင် တစ်ဆယ်ရာခိုင်နှုန်း၊ မီးယပ်ရောဂါ၊ ထုံကျင်ကိုက်ခဲခြင်း၊ အသားအရေ အရောင်အဆင်း မကောင်းခြင်းတို့အတွက် အသုံးပြုသော တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၆(မီးယပ်လိမ်းဆေး)တွင် တစ်ဆယ့်ငါးရာခိုင်နှုန်းအသီးသီး ထည့်သွင်းအသုံးပြုကြောင်းတွေ့ရှိရမည်ဖြစ်ပြီး ရှူဆေး၊လိမ်းဆေး၊သောက်ဆေးအဖြစ် အသွင်အမျိုးမျိုးဖြင့် အသုံးဝင်လှ သည့် "နနွင်း"ကို အမျိုးအစားစစ်မှန်စွာ အသုံးပြုပါက အစွမ်းထက်ထိရောက်မှုရှိပြီး အမျိုးအစား မစစ်မှန်ဘဲ အသုံးပြုမိပါက "ဆေး"ထက်"ဘေးအန္တရာယ်" ဖြစ်စေနိုင်သည်ကို ဆေးဝါးဖော်စပ်သူများ၊ သုံးစွဲသူများအနေဖြင့် သတိပြုဆင်ခြင်ရန်ဖြစ်ပါကြောင်း မိသားစုကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အဖြစ် ရေးသားတင်ပြလိုက်ရပါသည်။ ။

အမှတ်(၆၄)၊သူရလမ်း(၉)ရပ်ကွက် ကမ္ဘာအေး မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ညိုက (၇၁)နှစ်မြောက်မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အတွက်အလှူတော်ငွေ ကျပ်တစ်သိန်းကို ဖေဖော်ဝါရီ ၁၀ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။ (က-ပ)

ဒလမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဆွေနှင့်အဖွဲ့က နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ကမာကဆစ်ရပ်ကွက် အမက(၉)တွင်ပြုလုပ်ရာ ရန်ကုန်တိုင်း တိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးတင်အောင်က နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်စဉ်။ (၅၇)

မွန်ပြည်နယ်ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဒေသဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံမှာကြား

ရန်ကုန် မတ် ၉

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် သထုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃ရက် ညနေပိုင်းတွင် ကျိုက်ထိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ မြို့မိ မြို့ဖများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးအား မြို့မိ၊မြို့ဖများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်တို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားကာ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည်ဘီးလင်းမြို့သို့ ရောက်ရှိပြီး ညပိုင်းတွင် မြန်မာ့ကြံလုပ်ငန်း အမှတ်(၁၄)သကြားစက် (ဘီးလင်း) ရိပ်သာခန်းမ၌ ဘီးလင်းမြို့မှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်တို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့သည်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကျန်းမာရေးအခြေအနေကြည့်ရှု

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီး၌ တတိယအကြိမ်မြောက် ကျောက်ကပ်အစားထိုးကုသမှုကို ဆရာဝန်ကြီးများထံမှ ခွဲစိတ်ကုသမှုခံယူပြီးသူ ဒေါ်စောမမ၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစဉ်။

(ကျန်းမာရေး)

ရွာရန်ရာနှုန်း(၄၀)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း (၄၀)ဖြစ်သည်။

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနားတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းက မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

တတိယအကြိမ် ကျောက်ကပ်အစားထိုးကုသမှု မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ပြုလုပ် ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

ရန်ကုန် မတ် ၉

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ မတ် ၇ရက်နံနက် ၉နာရီခွဲတွင် တတိယအကြိမ်မြောက် ကျောက်ကပ်အစားထိုးကုသမှုပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် လာရောက်ကြည့်ရှုအားပေးသည်။ ယင်းကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု၌ ကျောက်ကပ်ဝေဒနာရှင် ဒေါ်စောမမအား အစ်ကိုဖြစ်သူ ဦးလှမြင့်က ကျောက်ကပ်ပေးလှူပြီး မတ် ၈ရက်တွင် ကျောက်ကပ်ဝေဒနာရှင် ကိုဝင်းသူရလတ်အား ညီမဖြစ်သူ မဝင်းရူပါလတ်ကလည်းကောင်း၊ မတ် ၉ရက်တွင် ကျောက်ကပ်ဝေဒနာရှင် ဒေါ်အေးအေးအား အစ်မဖြစ်သူ ဒေါ်နီနီကလည်းကောင်း ပေးလှူကြသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည်မတ်၇ရက်ကျောက်ကပ် ခွဲစိတ်ကုသမှုအပြီး ညနေပိုင်းတွင် ကျောက်ကပ်အလှူရှင် ဦးလှမြင့်အား ကြည့်ရှုအားပေးစကား ပြောကြားပြီး မတ် ၈ရက်နံနက်ပိုင်းတွင် ကျောက်ကပ် အစားထိုး ခွဲစိတ်ကုသမှုခံယူပြီးသူ ဒေါ်စောမမ၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုအဖွဲ့ခေါင်းဆောင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုးနှင့် ဆရာဝန်ကြီးများက လူနာ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်တည်ငြိမ်လျက်ရှိကြောင်းကို ရှင်းလင်းတင်ပြကြသည်။

ကြီးကြပ်ကွပ်ကဲ

မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး၏ တတိယအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု၊ ဆေးကုသမှုအဖွဲ့၌ပါမောက္ခဒေါက်တာပိုင်စိုးက ဦးဆောင်၍ မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးမှ ဒေါက်တာခင်မောင်ဌေးနှင့် အဖွဲ့ကလည်းကောင်း၊ ခွဲစိတ်ကုသမှုအဖွဲ့၌ ပါမောက္ခ ဒေါက်တာ သန်းအေးက ဦးဆောင်၍ မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှ ပါမောက္ခဒေါက်တာစိုင်းလွန်းမောင်နှင့် ဒေါက်တာတိုးလွင်တို့အဖွဲ့ကလည်းကောင်း၊ မေ့ဆေးအဖွဲ့၌ ပါမောက္ခဒေါက်တာတင်မြင့်နှင့် အဖွဲ့ကလည်းကောင်း တာဝန်ယူဆောင်ရွက်ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းရှိန်က ကြီးကြပ်ကွပ်ကဲသည်။

တည်ငြိမ်ကောင်းမွန်

မတ် ၈ရက်တွင် ပြုလုပ်သော ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူသူ ကိုဝင်းသူရလတ်နှင့်ကျောက်ကပ်အလှူရှင်မဝင်းရူပါလတ်တို့၏ ကျန်းမာရေး အခြေအနေသည်လည်း တည်ငြိမ်ကောင်းမွန်လျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၅၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၉

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၅၈)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ကဏ္ဍစုံတင်ဆက်ထား

ရွှန်းမြအောင်၊ မြင်းမူမောင်နိုင်မိုး၊ အောင်လှထွန်း(ရွှေတိုင်)၊ မျိုးမြင့်လွင်၊ နေမျိုးသန့်၊ ကောင်းညွန့်ဝေ(ရေစကြို)၊ အောင်သာဆန်း(သံတွဲ)၊ မင်းပြား မောင်ယုနွယ်၊စိုင်းပီတိ(ပန်ဆန်း)၊မောင်လဲ့ခိုင်(ပျဉ်းမနား)၊ညောင်ရွှေခင်မောင်မြ၊ ပံသု(မအူပင်)၊ မောင်တင့်လွင်(ပေါက်)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ ယုဝတီခင်ဦး၊ ဒေါက်တာမတင်ဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ တက္ကသိုလ်သခ်၊ ပခုက္ကူဦးအုံးဖေ၊ ကထိကရဟန်း၊ တက္ကသိုလ်ခင်မောင်ဇော်၊ မောင်မြင့်မိုရ်(ဧရာဝတီ)၊ ဦးကျော်ကျော်သန်း(ရွှေဘို)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ မောင်သာဆင့်၊ ရွှေဘိုဘာမထီခင်အောင်၊ တက္ကသိုလ်စိုးယဉ်၊ ရည်ဦး၊ လေးဝတီကျော်၊ မောင်နွယ်သန်း၊ ယမုံသက်လယ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ကို(တက္ကသိုလ်)၊ ချစ်စံဝင်း၊ ချမ်းမြအောင်၊ မမ (တရားရေး)၊ ယဉ်မွေးပန်း(ဟဲဟိုး)၊ ခင်မေသိန်း(ပျော်ဘွယ်)၊ သက်သက်သင်း (ပညာရေး)၊ မောင်မြင့်ထူးတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင်စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ တောခလေ့စာပန်းချီ၊ ကာတွန်း ကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

ဝယ်ယူနိုင်

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ ပညာရွှေတောင်၊ လမင်းအိမ်၊ အမေ့အိမ်၊ မြင့်မိုရ်(၂)၊ စာပေလောက(၅)၊ အောင်ပြည့်စုံ၊ မန္တလေးမြို့ ထွန်းဦးစာပ၊ နဂါး၊ ရဲရင့်စာပေ၊ ပြည်မြို့အောင်နိုင်၊ သုခ၊ မကွေးမြို့ အောင်ဖြိုး၊ကလောမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊တောင်ကြီးမြို့ မိလျံနာစာပေ၊ မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ ပျဉ်းမနားမြို့ သရဖူစာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ်စာပေ၊ မအူပင်မြို့ ကျင်ဝင်းငြိမ်းစာပေနှင့် ငွေပဒေသာထီဆိုင်၊ ကျောက်တန်းမြို့ သန်းဝင်းရှိန်စာပေ၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်ရှိ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

ကမာရွတ်အမက(၂)မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ချီးမြှင့်

ရန်ကုန် မတ် ၉

အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း မူလတန်းအဆင့်ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် မိဘဆရာအသင်းဝင်များ၊ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာတက်ရောက်လာသူများက နိုင်ငံတော်သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ကေသီစိုးသိမ်းက အမှာစကား ပြောကြားသည်။

ဂုဏ်ပြုသီဆို

ထို့နောက်၂၀၀၃-၂၀၀၄ခုပညာသင်နှစ် စတုတ္ထတန်း တက်ရောက်ပြီးသူ ကျောင်းသား၊ကျောင်းသူ ကလေးများအားကျောင်းအုပ်ဆရာမကြီးကမူလတန်းအဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ်များချီးမြှင့်ပြီး ကျောင်းသား၊ကျောင်းသူလေးများက "ပန်းများဝေစီ ပွင့်နေပြီ" သီချင်းကို သံပြိုင်ဂုဏ်ပြုသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✡ **ရှေ့ဖုံးမှ**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Education Zone ၌ ရေချိုငါးပြတိုက် (Fresh Water Fish Garden) တည်ဆောက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က Central Forest Zone တွင် သစ်တောရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သစ်ပင်များ စိုက်ပျိုးထားရှိမှု၊ မြေယာရှုခင်းအလှဆောင်ရွက်ထားရှိမှု၊ ပေါက်ရောက်ပြီးဖြစ်သည့် အရိပ်ရပင် သီးပင်စားပင်များကို ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းနှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့် ဆောင်ရွက်နေမှု လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Relaxation Zone ၌ ခြံစည်းရိုးနှင့် သံပန်းများ ကာရံပြီးစီးမှု၊ မြေယာမြက်ခင်းအလှဆောင်ရွက်ထားရှိမှု Viewing Plaza နှင့် ကျွန်းကူးတံတား တည်ဆောက်နေမှု အခြေအနေများကို လည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က တည်ဆောက်ရေး လုပ်ငန်းများတွင် အရည်အသွေး စစ်ဆေးထိန်းသိမ်းရေးဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များကို လည်းကောင်း၊ ဗိသုကာပညာရှင် Mr. Jun-Ichi Inada က အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများနှင့် ပတ်သက်သည့် ဒီဇိုင်းပုံစံများကို လည်းကောင်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက စားသောက်ဆိုင်များနှင့် ကလေးကစားကွင်းများ တည်ဆောက်မည့် အစီအစဉ်များကို လည်းကောင်း၊ Wood Land Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ကန်တော်ကြီးဥယျာဉ် အဆင့်မြင့် တည်ဆောက်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေကြသည့် လုပ်ငန်းကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စနစ်တကျတည်ဆောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် အဆင့်မြင့် တည်ဆောက်ရေး အဆောက်အအုံများကို ကန်တော်ကြီး၏ ပင်ကိုသဘာဝအလှနှင့် ပနံတင့်စေမှုရှိရေး၊ မြို့တော်နေပြည်သူများအတွက် စိတ်လက်အေးချမ်းစွာဖြင့် အပန်းဖြေ အနားယူနိုင်သည့် အဆင့်မြင့်ဥယျာဉ်ကြီးတစ်ခုအဖြစ် စနစ်တကျ တည်ဆောက်သွားကြရေး မှာကြားသည်။

ညှိနှိုင်းအစည်းအဝေး အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ် ပတ်ဝန်းကျင် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

ကွန်ပျူတာစနစ်ဖြင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှု ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သို့ သွားရောက်ပြီး ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းညိန်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဘဏ်လေးဘဏ်တို့နှင့် အဆက်အသွယ်ဘဏ်များသို့ ငွေပေးငွေယူ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကွန်ပျူတာ On Line ကွန်ရက်စနစ်ဖြင့် ဆက်သွယ် ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျင်မြန်တိကျစွာ ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ ကွန်ပျူတာ On Line ကွန်ရက်စနစ် တပ်ဆင် အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ယခုကဲ့သို့ ကွန်ပျူတာစနစ်ဖြင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ် လေ့လာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် လက်တွေ့တပ်ဆင် အသုံးပြုလျက်ရှိသော ကွန်ပျူတာစနစ်ဖြင့် ဘဏ်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးရာ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ကေသီက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်တွင် ကွန်ပျူတာစနစ်ဖြင့် ဘဏ်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာကဏ္ဍ ဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၉

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးရေးရာ လုပ်ငန်းကဏ္ဍများနှင့် ပတ်သက်သည့် ဟောပြောပွဲကို ယနေ့နံနက် ၉နာရီတွင် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မှော်ဘီမြို့နယ် တပ်နယ်မှူး၏ဇနီး၊ မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သိန်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ်မှ အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က အဖွင့်အမှာစကားနှင့် ဖွဲ့စည်းပုံကို ရှင်းလင်းပြောကြားပြီး စည်းရုံးရေးခေါင်းဆောင် ဒေါ်တင်တင်၊ ပြန်လည်ထူထောင်ရေး အဖွဲ့ခေါင်းဆောင် ဒေါ်ခင်ဆွေရည်မြင့်၊ ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်သန်းသန်းနွဲ့၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးမာ၊ ပညာရေးအဖွဲ့ခေါင်းဆောင်ဒေါ်ကြည်ကြည်အေးတို့က ဟောပြောဆွေးနွေးကြပြီး အလားတူ မွန်းလွဲ ၁နာရီတွင် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ဟောပြောဆွေးနွေးကြသည်။ (က-ပ)

"ရွှေခင်းစုံညီ မြန်မာပြည်" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများ ကြေညာ

ရန်ကုန် မတ် ၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသည် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရေးအတွက် "ရွှေခင်းစုံညီ မြန်မာပြည်" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်အဖွဲ့ဝင်များဖြင့် စိစစ်အကဲဖြတ် ရွေးချယ်ခဲ့ရာ ဆုရရှိသူများ၏ အမည်စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ပထမဆု ဇေယျာမျိုး(ဘိုအဖွဲ့)၊ ဒုတိယဆု ဦးဆန်းဋ္ဌေး(မြန်မာ)နှင့် တတိယဆု ကိုဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်) တို့က ရရှိကြပြီး အထူးဆုများအဖြစ် စိုင်းခမ်းလင်း(HAWK EYES)၊ ဇေမောင်သိန်း (မန်းတက္ကသိုလ်)၊ ပုဂံမင်းမင်းဦး(မွေး)၊ သီဟသိန်းဉာဏ်၊ ကျော်သာ(ဟိုက်ချင်း)တို့က ရရှိကြသည်။

နှစ်သိမ့်ဆုများအဖြစ် ဓာတ်ပုံစောမြင့်ဇော်(အလှဒဿန)၊ A.K. MOE(သတ္တာဗေဒ)၊ ပုဂံမောင်မောင်၊ ထင်အောင်(အင်းစိန်)၊ စစ်သွေးကျော်(Photo Art-2)တို့က ရရှိကြသည်။

ဆုရရှိသူများသည် မူရင်းနဂုတစ်များကို မြန်မာနိုင်ငံဓာတ်ပုံအသင်း၌ အစစ်ဆေးခံပြီး ပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးကောင်းထွဋ်၊ ဒုတိယညွှန်ကြားရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ မတ် ၁၆ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ သတင်းပို့ကြရန်ဖြစ်သည်။ (သတင်းစဉ်)

မကွေးတိုင်း ဂန့်ဂေါခရိုင် ဆောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်က ဆောမြို့နယ် အထကကျောင်းခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူ ၁၂၈ဦး၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ဋ္ဌေးမြင့်က တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်အား ပေးအပ်စဉ်။ (က-ပ)

★ ကျောဖုံးမှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် တောင်ရေရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် ရေသွယ်တူးမြောင်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှင်းလင်းပြသသည်။

ကျောက်ပုံချောင်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကြက်မောက်တောင်ဆည်သို့ ရေကူပေးမည့် ဆက်သွယ်ရေးတူးမြောင်းနှင့် ကျောက်ပုံချောင်း အခြေအနေ၊ ရေလွှဲဥမင်လိုဏ်တစ်လျှောက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တောင်ရေရေလှောင်တမံ၏ မြေသားတမံလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မြေသားတမံလုပ်ငန်းပြီးစီးမှု၊ မြေသားတမံတွင် ကျောက်စီခြင်း လုပ်ငန်းပြီးစီးမှု၊ တောင်ရေချောင်းကို မြေဖို့နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် လုပ်ငန်းခွင် ရှင်းလင်းဆောင်၍ တောင်ရေ ရေလှောင်တမံ၊ ကျောက်တံခါး ရေလှောင်တမံနှင့် ဆက်သွယ်ရေး တူးမြောင်းပြီးစီးမှု၊ ရေလွှဲဥမင်လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးရာသီတွင် ရေဝင်လာပါက ရေလွှဲပေးနိုင်ရေးအတွက် ဆက်သွယ်ရေးတူးမြောင်းကို မိုးမကျမီ အပြီးဖောက်လုပ်သွားရန် မှာကြားသည်။

မြေသားတမံ

တောင်ရေ ရေလှောင်တမံကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်၌ တည်ဆောက်နေခြင်းဖြစ်ပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံ၏ ရေဆင်းဧရိယာမှာ ၂၃၈တုရန်းမိုင်ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၃၄၂၅ဧကပေဖြစ်သည်။ တမံအလျားမှာ ပေ ၂၈၅၀ရှိပြီး တမံအမြင့်မှာ ပေ ၇၀ရှိသည်။ ယခုအခါ တမံတည်ဆောက်မှု လုပ်ငန်းမှာ ၄၈ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ပြီးစီးနေ

ဆက်သွယ်ရေး တူးမြောင်းမှာ ၁ ဒသမ ၃၅မိုင်ရှည်လျားပြီး တူးမြောင်းဖောက်လုပ်ခြင်း လုပ်ငန်းမှာ ၇၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ရေလွှဲဥမင်မှာ အလျား ပေ ၄၂၀ ရှိပြီး လေးမီတာအချင်းရှိ မြင်းခွာပုံ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ ရေလွှဲဥမင်လုပ်ငန်းမှာ ယခုအခါ လုံးဝပြီးစီးနေပြီဖြစ်သည်။

ရေကူပေးနိုင်မည်

ယင်းတောင်ရေ ရေလှောင်တမံစီမံကိန်းပြီးစီးပါက ဆက်သွယ်ရေးတူးမြောင်းစနစ်ဖြင့် ကြက်မောက်တောင်ဆည်သို့ ရေကူပေးနိုင်မည်ဖြစ်ပြီး ကြက်မောက်တောင်ဆည်ရေဖြင့် လက်ရှိ စိုက်ပျိုးနေသည့် သီးနှံဧရိယာ ၁၃၄၃၂ဧကကို ရေလုံလောက်စွာ ပေးဝေနိုင်ရုံသာမက တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်ပါ ရေပေးဝေနိုင်မည်ဖြစ်သည်။(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် မိတ္ထီလာ မြို့ရောင်လမ်း ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

❐ (၅၉)နှစ်မြောက်မှ

အဆိုပါ စာအုပ်ဈေးပွဲတော်တွင် ပါဝင်ရောင်းချလိုသည့် စာအုပ်ဆိုင်များသည် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း-၂၅၂၅၆၀၊ စာတည်းမှူး ဖုန်း-၂၄၀၀၄၈တို့သို့ လည်းကောင်း၊ မန်နေဂျာ(အရောင်း) ဖုန်း-၃၈၁၄၄၈ နှင့် ၂၄၉၀၃၁ တို့သို့ လည်းကောင်း မတ် ၁၅ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးနိုင်ပြီး မတ် ၁၆ရက် နံနက် ၁၀နာရီတွင် စာအုပ်ဈေးပွဲတော် ကျင်းပမည့်အဆောက်အအုံ၌ နေရာချထားပေးမည်ဖြစ်သည်။ (သတင်းစဉ်)

▲ ကမ္ဘာလှည့်မှ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေး၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင်မောင်ရွှေ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များသည် အဖွဲ့များခွဲ၍ ရန်ကုန်မြို့တွင်းနှင့် ပဲခူး၊ ပုဂံတို့သို့ နေချင်းပြန် သွားရောက် လည်ပတ်ကြမည်ဖြစ်ပြီး မတ် ၁၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာမည် ဖြစ်သည်။ (သတင်းစဉ်)

စီးပွား/ ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ သွင်းကုန်/ ပို့ကုန် လုပ်ငန်းရှင်များအား တွေ့ဆုံ

ရန်ကုန် မတ် ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဋ္ဌမထပ် ဆွေးနွေးပွဲခန်းမ၌ ဂျုံတင်သွင်းသူ လုပ်ငန်းရှင်များ၊ ကော်ဖီ၊ ရေတ်ကောင်း၊ သရက်သီး၊ လက်ဖက်ခြောက်၊ ဆီးသီးတင်ပို့သည့် လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များနှင့် သွင်းကုန်/ပို့ကုန် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

တွေ့ဆုံပွဲတွင် ဝန်ကြီးက ဂျုံတင်သွင်းသူများအနေဖြင့် ဂျုံတင်သွင်းမှုကို လျှော့ချ၍ ဂျုံစိုက်ပျိုးထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ရေး၊ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန် တိုးမြှင့်တင်ပို့ရေးနှင့် အများဆုံး တင်ပို့နိုင်သူအား ဂုဏ်ပြုဆုချီးမြှင့်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

တင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးအောင်က ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာကြသူများက ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မတ် ၈ ရက်က တပ်မတော်ဆေးရုံကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ (၁၂)ကြိမ်မြောက် ရင်သွေးငယ်များ ကာယ၊ ဉာဏ ဘက်စုံ စွမ်းရည်ပြိုင်ပွဲ ဆုပေးပွဲနှင့် ရင်သွေးငယ်များ စွမ်းရည်ပြဖျော်ဖြေပွဲ အခမ်းအနားတွင် တပ်မတော်ဆေးရုံကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နာယက၊ တပ်မတော်ဆေးရုံကြီးတပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်နှင့် အဖွဲ့ဝင်များ၊ ကလေးငယ်များ ကပြမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အခွန်ဦးစီးဌာနများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေသည် မတ် ၂ရက်တွင် မော်လိုက်မြို့သို့ ရောက်ရှိပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့မှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ဒုတိယဝန်ကြီးသည် မတ် ၅ရက်တွင် ကလေးမြို့နယ် ကလေးတပ်နယ်ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ကလေးမြို့နှင့် ကလေးဝမြို့နယ်တို့မှ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ကလေးမြို့ရှိ ဌာနများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ထို့နောက် ဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်းဆွေသည် မတ် ၆ရက် မွန်းလွဲပိုင်းတွင် ကလေးမြို့မှ မန္တလေးမြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာပြီး ပလိပ်မြို့ရှိ စက္ကူစက်ရုံသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးမြို့ ပြည်နယ်၊တိုင်း အကောက်ခွန်ဦးစီးဌာန နယ်မြေ(၁)ရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံဆွေးနွေး

ဒုတိယဝန်ကြီးသည် ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်းအခွန်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဒုတိယဝန်ကြီးက လျာထားချက်များ ပြည့်မီကျော်လွန်အောင် အလေးအနက်ထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ ဆက်လက်ထွက်ခွာပြီး စစ်ကိုင်းတိုင်း မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူ အပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ တေးသရုပ်ဖော်အစီအစဉ်
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၀၅ ၈။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၂၀ ၉။ ဒါးကတံတား(ဧရာဝတီတိုင်း)
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Learning English the Easy and Happy Way for Children and Beginners.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၂ခုနှစ်)
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၀ ၆။ တေးဂီတအစီအစဉ်
- ၅:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၄၅ ၉။ သီချင်းကြီးပဒေသာ
- ၅:၅၅ ၁၀။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၆:၀၅ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၁၅ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ တေးဂီတအစီအစဉ်
- ၇:၁၅ ၁၆။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
- ၇:၂၅ ၁၇။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၄၀ ၁၈။ ကော်ဖီ (အပိုင်း-၁)
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း-၉)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

မီးဘေးအန္တရာယ် အစဉ်သတိပြု ကာကွယ်

ရခိုင်ပြည်နယ်ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မောင်ဦး သဘာဝမြေဩဇာအလုပ်ရုံဖွင့်ပွဲ တက်ရောက်

ရန်ကုန် မတ် ၉

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်ကစီစဉ်ဆောင်ရွက်သည့် ရွှေသဇင်အားဖြည့်သဘာဝမြေဩဇာ ထုတ်လုပ်ရေးအလုပ်ရုံဖွင့်ပွဲအခမ်းအနားကို မတ် ၆ရက် နံနက်ပိုင်းက စစ်တွေမြို့ ကန်တော်ကြီးရပ်ကွက်ရှိ မျိုးသန့်ခြံတွင် ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်ဦး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူးက ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေး၊ အထွက်ကောင်းမျိုးများ သုံးစွဲ၍ သိပ္ပံနည်းကျ စိုက်ပျိုးဆောင်ရွက်ရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝအားဖြည့် မြေဩဇာအသုံးပြု၍ ပန်းတိုင် အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်း အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကြည်ဟန်က အားဖြည့်သဘာဝမြေဩဇာ ထုတ်လုပ်မှု အဆင့်ဆင့်ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်း တင်ပြပြီး ပြည်နယ်မန်နေဂျာ ဦးကြည်ဟန်နှင့် စိုက်ပျိုးရေးပညာရှင် ဦးသန်းဌေးတို့က ရွှေသဇင်သဘာဝမြေဩဇာထုတ်လုပ်ရေး စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် စက်ရုံအတွင်း သဘာဝမြေဩဇာ ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် မျိုးသန့်ခြံအတွင်း ပြည်နယ်စိုက်ပျိုးရေး လုပ်ငန်းမှ စမ်းသပ်စိုက်ပျိုးထားသည့် စံပြကြက်သွန်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

မင်းဂံတံတား

ထို့နောက်တိုင်းမှူးသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အစီအစဉ်ဖြင့် တည်ဆောက်လျက်ရှိသည့် စစ်တွေမြို့ မင်းဂံတံတား တည်ဆောက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းမှူးအား တာဝန်ခံအင်ဂျင်နီယာ ဦးမောင်ဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက်တိုင်းမှူးက လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးသည် စစ်တွေမြို့ ရွှေပြားရပ်ကွက်၌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့တွင်း သောက်သုံးရေပေးဝေရေး ရေပိုက်လိုင်းအသစ်များ တပ်ဆင်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery & Equipment Import & Export Corporationမှ Project Manager Ms. Ellen Yonghi Han နှင့် အဖွဲ့ဝင်များ အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ညှိခန်းမသို့ လာရောက်တွေ့ဆုံစဉ်။

(စက်မှု-၁)

ဝန်ကြီး ဦးအောင်သောင်းအား တရုတ်အဖွဲ့တွေ့ဆုံ

ရန်ကုန် မတ် ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Machinery& Equipment Import & Export Corporationမှ Project Manager Ms. Ellen Yonghi Han နှင့်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ ဝန်ကြီး၏ညှိခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဝင်း၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

သမဝါယမဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တပ်မတော်နေ့ပြခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ပြခန်း သမဝါယမဝန်ကြီးဌာန ပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား သမဝါယမဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ကြိုဆိုကြပြီး သမဝါယမဝန်ကြီးဌာန ပြခန်းအတွင်း လုပ်ငန်းဌာနများ၏ ပြကွက်များကို ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသွားသည်။

(သတင်းစဉ်)

မတ်လ ဒုတိယ ၁၀ရက်ပတ် မိုးလေဝသခန့်မှန်းချက်

ရန်ကုန် မတ် ၉

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် သုံးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တစ်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေ့အပူချိန်များမှာ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲထက်ပိုပြီး၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ခြောက်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထုများဆိုင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

အထက(၁)ဖျာပုံ မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၉

ဖျာပုံအထက(၁)ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ မတ် ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည်ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေး အဖွဲ့ဝင်များထံသို့ လည်းကောင်း၊ ဖျာပုံမြို့နယ်အသင်း၊ တိုက်အမှတ် ၃၀ ဘိုကလေးဈေးလမ်း ဖုန်း-၂၉၁၀၈၃ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** ''''''''Concepts of equilibrium (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း " အချစ်လေပြည် " (အပိုင်း-၂၄)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (အပိုင်း-၃၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကာကွယ်ရေးဆိုင်ရာ အသိပေးရှင်းလင်းပွဲနှင့် သင်တန်းအလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)တို့ပူးပေါင်းဆောင်ရွက်သည့် မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကာကွယ်ရေးဆိုင်ရာ အသိပေးရှင်းလင်းပွဲနှင့် သင်တန်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotelခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်နှင့် မျိုးဆက်ပွားကျန်းမာရေးစီမံချက်မှ စီမံချက်မန်နေဂျာများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် Mr. Najib M. Assifiနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စီမံချက်ဝင် မြို့နယ် ၁၀မြို့နယ်နှင့် သက်ဆိုင်သော ပြည်နယ်နှင့် တိုင်းကျန်းမာရေးဦးစီးဌာနမှူးများ၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သင်တန်းဆွေးနွေးပွဲသို့ စီမံချက်ဝင် မြို့နယ်များဖြစ်သည့် ကလော၊ ပြင်ဦးလွင်၊ တောင်ငူ၊ တောင်တွင်းကြီး၊ ကလေး၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ဟသ်ာတ၊ စစ်တွေမြို့နယ်များမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၊ မိခင်နှင့် ကလေးကျန်းမာရေးဆရာဝန်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များစုစုပေါင်း ၃၈ ဦး တက်ရောက်ကြပြီး ဆွေးနွေးပွဲကို မတ် ၁၂ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အခွန်လွတ်ဈေးများစစ်ဆေး ဈေးတွင်း၊ဈေးပြင် သန့်ရှင်းသပ်ရပ်စေရေးမှာကြား

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် စစ်ဒေသမှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန ဌာနမှူးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့သွားရောက်၍ ဈေးများအတွင်း ဈေးရောင်း၊ဈေးဝယ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြိုဆို

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပန်းတျာလမ်းရှိ ပန်းတျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာရာအမှတ်(၃)စစ်ဒေသမှူးဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်ရှိ ပန်းတျာကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကို လည်းကောင်း၊ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ ဟံသာဝတီကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ကမ္ဘာအေးစေတီလမ်းရှိ နဝဒေးကိုယ်တိုင် ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတို့ကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံးဘေးရှိရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်းသွားရောက်၍ ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်၊ ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆီလုပ်ငန်းရှင်များနှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် ကုမ္ပဏီ အဖွဲ့အစည်းအသီးသီးတို့မှ ဟင်းသီးဟင်းရွက်သား၊ငါး၊ ကြက်ဥ၊ ကုန်ခြောက်၊ ဆန်၊ဆီနှင့် လူသုံးကုန်ပစ္စည်းများရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပိတ်ရက်မရှိ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အခွန်လွတ်ဈေးများကို ပြည်သူအများလတ်ဆတ်သည့်ဟင်းသီးဟင်းရွက်နှင့် သား၊ငါး၊ ကြက်ဥများကို သင့်တင့်သည့် ဈေးနှုန်းဖြင့် လွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ ဈေးရောင်းချသူများမှ ဆိုင်အခွန်အခပေးစရာမလိုဘဲ ဦးရာလူစနစ်ဖြင့် ပိတ်ရက်မရှိ ရောင်းချနိုင်ရေး စီစဉ်ပေးထားကြောင်း၊ ဈေးတွင်းဈေးပြင် သန့်ရှင်းသပ်ရပ်စေရေး၊ ဈေးအတွင်း ရေနုတ်မြောင်းများ၊ လူသွားလမ်းများ၊ ဈေးဆိုင်များ အစဉ်ကောင်းမွန်စေရေး ပြုပြင်စောင့်ရှောက်ထိန်းသိမ်းကြရန်နှင့် အခွန်လွတ်ဈေးများ ရေရှည်တည်တံ့စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (ရကတ)

အီလက်ထရောနစ်အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်

ရန်ကုန် မတ် ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် ယမန်နေ့ နံနက် ၁၀ နာရီခွဲက အီလက်ထရောနစ် အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲသင်တန်း (အချိန်ပိုင်း)နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖွင့်လှစ်သော အင်တာနက်သင်တန်း၊ တယ်လီဖုန်းကေဘယ်လ် စမ်းသပ်မှုသင်တန်း၊ အထွေထွေရေဒီယိုဆက်သွယ်မှုသင်တန်း၊ ဖက်စ်ကြေးနန်းစက်ပြုပြင်ရေး သင်တန်းနှင့် သင်ကြားမှုသင်ယူမှု စာတမ်းများပြုစုရေးသင်တန်းများဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force) ၏ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူ ၆၉ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး နံနက် ၁၁ နာရီခွဲတွင် သင်တန်းဖွင့်ပွဲ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ရက်သတ္တ တစ်ပတ်

ယခုဖွင့်လှစ်သော အီလက်ထရောနစ် အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းမှာ အစိုးရဌာနအသီးသီးမှ အရာရှိကြီးများအတွက် အီလက်ထရောနစ်အစိုးရလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ဖွင့်လှစ်သော သင်တန်းဖြစ်ပြီး ဌာနအသီးသီးမှ အရာရှိကြီး ၂၀ ဦးတို့ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဖွင့်လှစ်သော သင်တန်းများတွင် သင်တန်းသား ၄၉ ဦး တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင်ပြုလုပ်သော အီလက်ထရောနစ်အစိုးရလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲသင်တန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖွင့်လှစ်သော သင်တန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)

ကုန်သည်/ စက်မှုအသင်းချုပ် အမှုဆောင်များနှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးမျိုးညွှန့်နှင့် ဗဟိုအလုပ်အမှုဆောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangdong ပြည်နယ် CCPIT Guangdong Sub-Council မှ Senior Advisor, Mr. Chao Zhenwei ခေါင်းဆောင်၍ အဖွဲ့ဝင် ခြောက်ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာကိစ္စ၊ ကုန်စည်ပြပွဲများ ကျင်းပခြင်းနှင့် Guangdong ပြည်နယ်တွင်ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ မြန်မာစီးပွားရေး လုပ်ငန်းရှင်များအား ဖိတ်ကြားရေးကိစ္စ၊ ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာကိစ္စ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ဆောင်ရွက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ဆီဆိုင်မြို့နယ် နားမွန်းကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

ရန်ကုန် မတ် ၉

ဆီဆိုင်မြို့နယ် နားမွန်းကျေးရွာတွင် စေတနာဖောင်ဒေးရှင်း(ဂျပန်) Nipon Foundation Japan နှင့် ဒေသခံပြည်သူတို့ ပူးပေါင်းဆောက်လုပ်သည့် အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်တွင် အဆိုပါကျောင်းဆောင်သစ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေနှင့် စေတနာဖောင်ဒေးရှင်းဒါရိုက်တာ မစ္စတာတီရနိုတို့က ငွေကျပ်သိန်း ၉၀ကျော်တန် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး နားမွန်းကျေးရွာအခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းလဲ့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး ဟုမ္မလင်း၊ ဗန်းမောက်နှင့် ပင်လည်ဘူးဒေသသွားရောက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် မတ် ၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂ရက်နံနက်ပိုင်းက ဟုမ္မလင်းမြို့နယ် ပန်ချယ်စိုက်ကွင်းသို့ ရောက်ရှိပြီး စိုက်ကွင်းအတွင်း ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ တိုင်းမှူးအား ဒေသခံတောင်သူများက စိုက်ကွင်းအတွင်း နှမ်းစပါး၊ မိုးစပါးစိုက်ပျိုးမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးက မျိုးကောင်းမျိုးသန့်စပါးများ အသုံးပြုစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာအပြင် သဘာဝမြေဩဇာများ အသုံးပြုစိုက်ပျိုးရေး၊ ရိတ်သိမ်းချွေလှေ့ရာတွင် အလေအလွင့်နည်းပါးအောင် ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဗန်းမောက်မြို့နယ် မံစီကြီးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာခန်းမဆောင်တွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်ရေး အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

အလားတူတိုင်းမှူးသည် ဗန်းမောက်မြို့နယ်မံယူကြီးကျေးရွာနှင့်ပင်လည်ဘူးမြို့နယ်၊ နောင်ကန်ကျေးရွာများသို့ လှည့်လည်သွားရောက်ပြီး ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရှင်းလင်းအမှာစကားပြောကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖူးမြော်ကြည်ညို

ထို့နောက် တိုင်းမှူးသည် မံစီလေးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာတွင် တည်ထားကိုးကွယ်လျက် ရှိသည့် မဟာဓာတ်ပေါင်းစု ရွှေတိဂုံ(ပုံတူ)စေတီတော်အား ဖူးမြော်ကြည်ညိုကာ စေတီတည်ထားမှုအတွက် လိုအပ်လျက်ရှိသည့် တည်ဆောက်ရေးပစ္စည်းများနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် အလှူငွေ ကျပ် ၁၀သိန်းကို တာဝန်ရှိသူများထံပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် ပင်လည်ဘူးမြို့သို့ရောက်ရှိပြီး ဒေသခံလုပ်ငန်းရှင်ဦးဖိုးသီ စမ်းသပ်တီထွင်အောင်မြင်လျက်ရှိသည့်ကျောက်မီးသွေးလောင်စာသုံးအင်ဂျင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက် တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့သည်။

(သတင်းစဉ်)

ပထမတန်းပြိုင်ပွဲ လယ်ယာ/ ထွက်ကုန် ဘောလုံးအသင်းအနိုင်ရ

ရန်ကုန် မတ် ၉

၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာ/ထွက်ကုန်အသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

စုပေါင်းဖျက်ဆီး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပန်စလီတောင်ကြော၌ တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်း ၁၂ဧကကို ဖေဖော်ဝါရီ ၂၈ရက်တွင် ပူးပေါင်းအဖွဲ့က စုပေါင်းဖျက်ဆီးနေစဉ်။

(သတင်း-ကျော) (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မတ် ၈ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများ တော်လှန်ရေးပန်းခြံ၌ တပ်ပါလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသော လယ်ယာ/ထွက်ကုန်ဘောလုံးအသင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

အရက်ကြောင့်ဖြစ်သည့်ရောဂါများ

အရက်ကို လွန်ကျူးစွာနှင့် စွဲလမ်းစွာ သောက်သုံးခြင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှာ-

- အသည်းရောင်ခြင်း၊
- အသည်းခြောက်ခြင်း၊
- သွေးအန်ခြင်း၊
- အစာအိမ်ရောဂါဖြစ်ခြင်း၊
- နှလုံးရောဂါဖြစ်နိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊
- စိတ်ရောဂါများဖြစ်ခြင်းစသည်တို့ဖြစ်ပါသည်။

အရက်ကြောင့်ဖြစ်တတ်သော စိတ်ရောဂါများမှာ-

၁။ ကယောင်ကတမ်းဖြစ်ခြင်း (Delirium Tremers)၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူခန့်မှန်းနိုင်စွမ်းမရှိခြင်း၊ ကြောက်စရာ လန့်စရာများမြင်ရခြင်း၊ အသံဗလံများကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါဖြစ်တတ်ခြင်း။

၂။ အရက် အလွန်အကျွံသောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကား မော်ကားသံများ ကြားနေရတတ်ခြင်း (Alcoholic Hallucinosis)။

၃။ အတက်ကြီးရောဂါဖြစ်ခြင်း (Rum Fits) (ဝက်ရူးပြန်ရောဂါကဲ့သို့တက်ခြင်း)။

၄။ စိတ်ဓာတ်ကျရောဂါဖြစ်တတ်ခြင်း (Depressive Illness)။

၅။ စိတ်ဖောက်ပြန်ခြင်း (Alcoholic Psychosis)။

၆။ ဦးနှောက်ချို့ယွင်းခြင်း။

၇။ အရက်နှင့်မတည့်သောသူများသည် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း (Pathological Drunkenness)။

၈။ မိမိ၏ဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း (Morbid Jealousy)။

၉။ အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်နိုင်ခြင်း။

အထက်ပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ အရက်ကို စွဲလမ်းစွာသောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ရန် တိုက်တွန်းအပ်ပါသည်။

အရက်စွဲရောဂါဖြစ်ပွားပါက စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် စနစ်တကျ ကုသမှုခံယူရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြိတ်မြို့ လေးကျွန်းဆီမီးသိမ်တော်ကြီး စေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ တနင်္သာရီတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၉

မြိတ်မြို့ လေးကျွန်းဆီမီးသိမ်တော်ကြီး စေတီတော်(၁၅)ကြိမ်မြောက် ရွှေစင်ရွှေပြား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပွဲကို မတ် ၅ရက် နံနက် ၈နာရီခွဲက အဆိုပါစေတီတော်၌ကျင်းပရာ အခမ်းအနားသို့ ပင့်သံဃာဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိတ်တပ်နယ်မှ တပ်ရင်းတပ်ဖွဲ့မှူးများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ပရိတ်တရားတော်များနာယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဧည့်ပရိသတ်များက စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံသို့ စေတီတော်ကြီးတွင် ကပ်လှူမည့် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ကပ်လှူပူဇော်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ရွှေစင်၊ရွှေပြား၊ ရွှေသင်္ကန်းတော်များကို ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာပန်းရထားဖြင့် စေတီတော်ပေါ်သို့ ပင့်ဆောင်၍ ကပ်လှူပူဇော်ကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

မတ် ၆ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မြိတ်မြို့ ကန်တော်ကြီး ရပ်ကွက်ရှိ ကန်တော်မင်္ဂလာသို့ ရောက်ရှိကြပြီး ကန်တော်မင်္ဂလာအား စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်ခြင်းနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြိတ်မြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြိတ်တပ်နယ်မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ မြိတ်မြို့ပေါ် ရပ်ကွက်များမှ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၄၅၀၀ ကျော်တို့က တပျော်တပါး စုပေါင်းပြန်လည်တူးဖော် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ယင်းနောက် တိုင်းမှူးသည် မြိတ်မြို့ လေးကျွန်းဆီမီး သိမ်တော်ကြီးစေတီတော်၌ ကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တက်ရောက်ကြည်ညိုပြီး ဧည့်ပရိသတ်များနှင့်အတူ မြိတ်မြို့ပေါ်ရှိ စာသင်တိုက်များ၊ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများမှ ဆရာတော် သံဃာတော် ၈၂ပါးနှင့် သီလရှင် ၁၆ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်းနှင့် သီးခြားအလှူရှင်များကလည်း ဆွမ်းဆန်တော်အိတ် ၁၄၀ကို ပေးပို့လှူဒါန်းခဲ့ကြသည်။

(သတင်းစဉ်)

လှူဒါန်းငွေများ လက်ခံ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၄၃၀)ကြိမ်မြောက် ရွှေပြား၊ ရွှေသင်္ကန်းနှင့် အထွေထွေဝေယျာဝစ္စ အလှူတော်ငွေများ ရေစက်ချပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက လက်ခံယူစဉ်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် အလှူတော်ငွေ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၉

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၄၃၀)ကြိမ် ရွှေပြား၊ ရွှေသင်္ကန်းနှင့် အထွေထွေဝေယျာဝစ္စအလှူတော်ငွေများ ရေစက်ချပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် အလှည့်ကျဂေါပကအဖွဲ့ သဘာပတိ ဦးမြသိန်းနှင့် ဂေါပကအဖွဲ့ဝင်များက အလှူရှင် ၉၀၆ဦးတို့၏ လှူဒါန်းငွေ ၄၉၇၈၁၈၈၄ ကျပ်ကို လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ညောင်တုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘဏထံမှ ငါးပါးသီလနှင့် ရေစက်ချတရားနာယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်း (Regu) ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄ခုနှစ် (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (Regu)ပြိုင်ပွဲကို မတ် ၂၄ရက်မှ ၃၁ရက်အထိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ရှိ ပိုက်ကျော်ခြင်းပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းပြိုင်ပွဲ၊ အမျိုးသား လူသစ်တန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲဟူ၍ သုံးမျိုးကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲ၏ အမျိုးသားအလွတ်တန်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများအနေဖြင့် ပြီးခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ၁၄ဦးအနက် တစ်သင်းလျှင် တစ်ဦးကျ ပါဝင်ယှဉ်ပြိုင် ခွင့်ပြုထားသည်။

အမျိုးသား လူသစ်တန်းပြိုင်ပွဲတွင် အလွတ်တန်းအဆင့်၌ ဝန်ကြီးဌာနကိုယ်စားပြုပါဝင် ကစားခဲ့သူများ ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

အမျိုးသမီးပြိုင်ပွဲတွင် ပြီးခဲ့သည့် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ၁၀ဦးအနက် တစ်သင်းလျှင် နှစ်ဦးကျ ပါဝင်ယှဉ်ပြိုင် ခွင့်ပြုထားသည်။

ပြိုင်ပွဲတွင် ပထမဆုအဖြစ် ဆုဖလားနှင့် ဆုကြေးငွေသား ကျပ်သုံးသိန်း၊ ဒုတိယဆုအဖြစ် ဆုဖလားနှင့် ဆုကြေးငွေသားကျပ် နှစ်သိန်း၊ တတိယဆုအဖြစ် ဆုဖလားနှင့် ဆုကြေးငွေသား ကျပ် တစ်သိန်း အသီးသီးချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအဖြစ် တစ်သင်းလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး မတ် ၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၌ အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်း အသင်းများအတွက် နေထိုင်ရေးနှင့် စားသောက်စရိတ်များကိုလည်း ထိုက်သင့်သမျှ ပံ့ပိုးမည်ဖြစ်ပြီး မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံး ဖုန်း-၅၇၇၄၆၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား ကိုရီးယားချွန်တေးဂိုဏ်း ဂိုဏ်းချုပ်ဆရာတော် တွေ့ဆုံ

ရန်ကုန် မတ် ၉

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ ချွန်တေးဂိုဏ်း ဂိုဏ်းချုပ်ဆရာတော် Ven. Do Yong ဦးဆောင်သည့် ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံပွဲသို့ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံအား ဂျပန်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporating မှ အထွေထွေမန်နေဂျာ Mr. Toshihide Orita နှင့် အဖွဲ့သည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်အေး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းနှင့် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

တတိယအကြိမ်မြောက် ပရိဝါသ်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) (၁၅၃)ရပ်ကွက် တဲဝိုင်းကြီးတောရ ကျောင်းတိုက်၌ တတိယအကြိမ်မြောက် ပရိဝါသ်ပွဲ ကျင်းပမည်ဖြစ်ပါ၍ အားထုတ်လိုသော အရှင်မြတ်များသည် မတ် ၁၄ရက် (တနင်္ဂနွေနေ့) ညနေအရောက် ကြွရောက်ကြပါရန် ဖုန်း-၀၉-၅၀၁-၇၄၇၄နှင့် ၀၉-၅၀၀-၇၂၃၃ တို့သို့ ဆက်သွယ်ရန် နှိုးဆော်ထားသည်။

(က-ပ)

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိဋီတက္ကသိုလ် အဂ္ဂမဟာပဏ္ဍိတ ဂုဏာပူဇာပွဲနှင့် မော်လမြိုင်ကျွန်းမြို့(၁၄)လမ်း အမှတ်(၄၆)နေ အလှူရှင် ဦးမောင်လှ၊ ဒေါ်ရွှေစိန်၊ ဒေါ်မြလွင်မိသားစုတို့၏ ရှင် ၁၀၈ပါး သာသနာ့အမွေခံ ရှင်ပြုပွဲအခမ်းအနားကို မတ် ၇ရက်က ကျင်းပရာ တောင်တန်းဒေသသာသနာပြု ရဟန်းတော်များအတွက် အထက်ပါ အလှူရှင်မိသားစုက သင်္ကန်းဒွိစုံ ၁၀၀ကို ပေးအပ်လှူဒါန်းရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့် လက်ခံယူစဉ်။ (ကြေးမုံ)

ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၉

မြိတ်မြို့ အထက(၂)တွင် နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကို မတ် ၂၄ရက်နှင့် ၂၅ရက်တို့တွင် ပြပွဲများ၊ စွမ်းရည်ပြိုင်ပွဲများ၊ ပဒေသာကပွဲများနှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေသော ဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား ဖိတ်ကြားထားကြောင်းသိရသည်။ အာစရိယပူဇော်ပွဲတွင် သွားလာရေးနှင့် တည်းခိုရေးများ စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းအုပ်ဆရာမကြီး အထက(၂) မြိတ်မြို့ ဖုန်း–၀၅၉–၄၁၇၈၈၊ ဒေါ်သီတာဖြူ၊ ဒေါ်ထားထားမြင့်၊ဒေါ်သိန်းသိန်း မြိတ်မြို့ ဖုန်း–၀၅၉–၄၁၇၈၈၊ ၄၁၈၅၄၊ ဦးသွင်စိန်၊ ဦးမောင်ထွေး၊ ဦးဝင်းမြတ် မြိတ်မြို့ ဖုန်း–၀၅၉–၄၁၅၁၆၊ ၄၁၁၄၉၊ ၄၁၈၆၂၊ ဦးမောင်လှ၊ ဒေါက်တာဘကြူ၊ ဦးရဲဆွေ ရန်ကုန်မြို့ ဖုန်း–၀၁–၅၁၄၉၆၉၊ ၅၀၁၀၁၇၊ ၀၉–၉၉–၂၁၀၉၄နှင့် ဦးမောင်မြင့်၊ ဦးရဲကျော်သူ ရန်ကုန်မြို့ ဖုန်း–၀၁–၃၈၁၈၆၉၊ ၆၅၂၁၇၈၊ ၀၉–၅၀–၁၁၆၁၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဆေးခြောက် ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် မတ် ၉

ပဲခူးတိုင်း ဖြူးမြို့နယ် ဇေယျာဝတီရဲစခန်းမှ တပ်ဖွဲ့ဝင်များ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၃ရက်တွင် သတင်းအရ ဇေယျာဝတီမြို့ အောင်မင်္ဂလာ(၁)လမ်းနေ ဇော်လွင်၏နေအိမ်ကို စစ်ဆေးရှာဖွေရာ နေအိမ်ခေါင်းရင်းရှိ ဝါးနှီးတောင်းအတွင်းမှ ဆေးခြောက် ၁ဒသမ ၀၇၇၇၅ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ဇေယျာဝတီမြို့ အောင်မင်္ဂလာ(၁)လမ်းနေ ဦးလှမြင့်၏သား ဇော်လွင်အား ဇေယျာဝတီရဲစခန်းမှ မူးယစ်ဆေးဝါး ပထမ သတင်းပေးတိုင်ချက် အမှတ် ၄/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တောင်ငူခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၂၂ရက်တွင် တရားရုံးက တရားခံ ဇော်လွင်အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၁၅နှစ်၊ မူးယစ်ဆေးဝါးသုံးစွဲမှု ပုဒ်မ ၁၅အရ အလုပ်နှင့် ထောင်ဒဏ် ၅နှစ် သီးခြားစီ ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

(သတင်းစဉ်)

ရွှေတောင်မြို့နယ် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

ရန်ကုန် မတ် ၉

ပြည်ထဲရေးဝန်ကြီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ခရိုင် ရွှေတောင်မြို့နယ်စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း (၃/၂၀၀၄)ဖွင့်ပွဲကို မတ် ၈ရက်တွင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း)တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဘဝင်းက သင်တန်းနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

တောင်သာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားခြင်း

တောင်သာမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၃–၂၀၀၄နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံးနှင့် မြို့နယ်သူ၊ မြို့နယ်သားများအားလုံး မပျက်မကွက် (မပျက်မကွက်) တက်ရောက်ကြပါရန်နှင့် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ (စာရင်းပေးထားသူများ) အားလုံး တက်ရောက်ကြပါရန် အသိပေးနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ကျင်းပမည့်နေ့ – ၂၁–၃–၂၀၀၄
ကျင်းပမည့်အချိန် – မွန်းတည့် (၁၂း၀၀)နာရီ
ကျင်းပမည့်နေရာ – စက်မှုဝန်ဆောင်ရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့မုခ်အနီး၊ ရန်ကုန်မြို့၊

မိသားစုလွှဲပို့ငွေထုတ်ပေးမည့်ရက် ကြေညာခြင်း

ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီကုမ္ပဏီလီမိတက်မှ တာဝန်ယူစေလွှတ်ခဲ့သော မလေးရှားနိုင်ငံရှိ လုပ်သားများအနက် အကြွေးကြေပြီး ငွေလာရောက်ထုတ်ယူရန် အကြောင်းကြားစာပို့ပြီးသူများ၏ မိသားစုလွှဲပို့ငွေများကို ၂၀၀၄ခုနှစ် မတ် ၈ရက်မှစ၍ ထုတ်ပေးမည်ဖြစ်ရာ သက်ဆိုင်ရာ မိသားစုဝင်များသည် အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ အိမ်ထောင်စုဝင်စာရင်း၊ ကိုယ်စားလှယ်လွှဲစာနှင့် သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံချက်များ၊ ငွေလွှဲပို့သည့် အထောက်အထားများနှင့်အတူ ရွှေအင်းဝရုံး (အောင်ဆန်း)တွင် လာရောက်ဆက်သွယ်ထုတ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း–၆၄၂၄၇၃နှင့် Fax:၆၄၂၉၀၂ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်ပညာရေးတက္ကသိုလ်)
cyberenglishcentre
Special Summer School Programme (2004)
ကြေညာချက်
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်ပညာရေးတက္ကသိုလ်)နှင့် မြန်မာနယူးဇီလန်ပညာရေးစင်တာတို့ ပူးပေါင်း၍ အခြေခံပညာ ကျောင်းသားကျောင်းသူများအတွက်
1. Cyber for Teens (High & Middle School Level)
2. Cyber for Kids (Middle & Primary School Level)
3. Cyber for Kindergarten (K.G Level)
နွေရာသီ အင်္ဂလိပ်စာ အထူးသင်တန်းများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။
- သင်တန်းစတင်မည့်ရက်
စနေ တနင်္ဂနွေသင်တန်း ၁၃၊ ၃၊ ၂၀၀၄ (စနေနေ့)
တနင်္လာ–သောကြာသင်တန်း ၁၅၊ ၃၊ ၂၀၀၄ (တနင်္လာနေ့)
အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်သည်။
CHRD (ရန်ကုန်ပညာရေးတက္ကသိုလ်)
NZMEC 722932, 095017409; 527075/527076 Ext: 222
အတွင်းရေးမှူး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ရန်ကုန်ပညာရေးတက္ကသိုလ်

ဟာသဂျာနယ် အတွဲ(၂) အမှတ်(၃၂)ဖြန့်ချိ

ရန်ကုန် မတ် ၉

မြေဇာ၏ ကာတွန်းမျက်နှာဖုံးနှင့် ရွှေညာခိုင်စိုး၏ ကာတွန်းဇာတ်လမ်းတို့ အပါအဝင် ဆရာသာဂဒိုး၊ ကာတွန်းမြင့်စိုးလေး၊ နန္ဒာစိုး(ဆင်ဖြူကျွန်း)၊ မိုးကြိုး(ဗေဒင်)၊ တင်ထူး(အင်းဝ)၊ မောင်ရဲလူ၊ သဇင်နီနီ၊ ဧပရယ်၊ ကျော်ဖြိုးလွင်၊ မောင်သွေးရင့်၊ တေးသံရှင်ကြည်အောင်၊ မာန်သွေးသစ်မင်း၊ ဆြာကြီးထိန်၊ မောင်လှိုင်မွေး၊ မင်းဏီလူ၊ ကျော်ဇောဟိန်း (ဒေါ်ပုံ)၊ ကိုအောင်ငွေသိန်းတို့၏ ဟာသအတွေးအရေး၊ ရုပ်ရှင် သဘင် ရသများဖြင့် ဟာသဂျာနယ် အတွဲ(၂) အမှတ်(၃၂)ကို ဝါမိုးအောင်စာပေ အမှတ်–၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်းသိရသည်။ (က–ပ)

ဝဲသီစစ်စစ်၊ နှမ်းသီစစ်စစ် စားလိုသူများ ...
ရန်ကုန်ဝဲသီးနှံ ရန်ကုန်နှမ်းဆီ
09-5003646
(01) 382323, 382337, 251230, 681310, 728282, 660283, 02 - 80227

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မြိတ်မြို့၊ ကြောင်ငယ်ရပ်၊ မင်္ဂလာလမ်းနေ
ဦးတိုးတက် – ဒေါ်စောရှင်တို့၏ တစ်ဦးတည်းသောသား၊
ရန်ကုန်မြို့၊ သုဝဏ္ဏနေ
ကိုမြင့်ဝင်း (BOSUN UNITEAM SHIPPING MARINE) – မရီရီဝင်းတို့၏ မောင်

မောင်အောင်မျိုးဦး B.Sc (Botany)
(Deck Cadet)
နှင့်

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ဓမ္မစိန္တာလမ်းနေ
တေးသံရှင် ဇော်မင်းလေး – တေးသံရှင် လေးလေးနွယ်တို့၏ သမီး၊
ရန်ကုန်မြို့၊ မြကန်သာ၊ ၄၀၁(၄)လမ်း၊ L - 5 နေ
ကိုမြင့်ကြူ (Director, First Top Co., Ltd.) – မသဉ္ဇာစိုးတို့၏ ညီမ

မတင်လဲ့လဲ့ဝင်း B.Sc (Botany)

တို့၏ ၈–၂–၂၀၀၄ရက်တွင် Traders Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့်(ငြိမ်း)နှင့် ဇနီး ဒေါ်ပြုံးယဉ်၊ မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးသော တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးစိုးသိန်းနှင့် ဇနီးဒေါ်ခင်သန်းမြင့်၊ ၆–၂–၂၀၀၄ရက် ဗဟိုတရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဦးမြင့်သိန်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးနှင့် မင်္ဂလာပန်းကြဲပေးသော မိုမိုကို၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော မိုမိုမောင်၊ သတို့သား၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မောင်ဖြိုးကျော်သက် 3rd year: ဆေးတက္ကသိုလ်(၁) ရန်ကုန်နှင့် မစိုးကလျာမြင့် 3rd year: Maths (ဒဂုံတက္ကသိုလ်)၊ မေတ္တာဖြင့် ကူညီတီးခတ်ပေးသော (LEAD) အောင်သူ၊ (LUCKY HAND) တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မှတ်တမ်းတင် ဒီဗီဒီရိုက်ကူးပေးသော မိုးကိုဦးနှင့် ဓာတ်ပုံထိန်ဝင်းနှင့်အဖွဲ့၊ မှတ်တမ်းတင် ဗီဒီယိုရိုက်ကူးပေးသော ကိုသောင်းဟန်(ဥက္ကာဟန်)အဖွဲ့၊ မိတ်ကပ်နှင့် ဆံပင် အလှဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ ပန်းအလှဆင် ကိုခင်ဋ္ဌေးတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဆွေမျိုး သူငယ်ချင်းများအားလည်းကောင်း၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မျိုးဦး–မတင်လဲ့လဲ့ဝင်း။

GUARDIAN
MONTHLY MAGAZINE
Guardian Magazine
Grammar
C.T.O

ဝန်ထမ်းအလိုရှိသည်
A.A Electronics Ltd. (Sole Distributor of SAMSUNG ELECTRONICS)
Technician
- BE (EC/EP)
- AGTI (EC/EP)
- B.Sc (Physics)
Sales Promoter
Samsung Plaza

အမှတ်(204/208)

ပြည်နယ်ရဲတပ်ဖွဲ့ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

ရန်ကုန် မတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ရက် နံနက် ၈နာရီက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ပင်မလုပ်ငန်းတာဝန်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် အဂတိတရားလေးပါးကို ရှောင်ရှားဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် တားဆီးကာကွယ်ရေး ဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

မတ် ၁ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာ၌ကျင်းပသည့် ကျေးရွာသစ်၊ ဈေးသစ်နှင့် ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် မတ်ကျန်းကျေးရွာ ဥက္ကဋ္ဌ ဦးလင်းဆိုင်တို့က ကျေးရွာသစ်နှင့် ဈေးသစ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ရပ်မိရပ်ဖ ဦးခွန်ဆိုင်က ကျေးရွာသစ်၊ ဈေးသစ်နှင့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခဲ့မှုလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးလင်းဆိုင်က ဖွင့်ပွဲအထိမ်းအမှတ်အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မတ်ကျန်းကျေးရွာ ရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလင်းဆိုင်တို့က ရေအားလျှပ်စစ်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံမှာ လျှပ်စစ်ဓာတ်အား ၂၅ကေဗွီအေ ထုတ်လုပ်ပေးနိုင်ပြီး ငွေကျပ် ၆၄သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

မတ် ၇ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၄ ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပထမရရှိသွားသော ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးဘောလုံးအသင်းအား တံခွန်စိုက်ဖလားဆု ပေးအပ် ချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (ရကက)

စုပေါင်းဓာတ်ပုံရိုက်

မတ် ၆ရက်က ကိုးကန့်ဒေသ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း အဆောက်အအုံကို မူးယစ်ဗဟိုအဖွဲ့ဝင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (မူးယစ်ဗဟို)

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပုသိမ်မြို့နယ်အတွင်း လုပ်ငန်းများကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၉

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ စီးပွားရေးအဖွဲ့၏ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို မတ် ၆ ရက် ညနေ ၃ နာရီက ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ပမ္မဝတီဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်လတ်၊ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်း စန်းဌေးနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်လတ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများကို အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တစ်ဦးချင်း ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် တိုင်းမှူး၏ဇနီးသည် ပုသိမ်မြို့ လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ပုသိမ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကျင်းပသော စက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ ၂၀ ဦးဖြင့် သင်တန်းကာလ တစ်လကြာ ဖွင့်လှစ် သင်ကြားသွားမည် ဖြစ်သည်။

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်ကိုကို ဆရာတော်ကြီးများအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၉

(၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းများရရှိခဲ့သော ပဲခူးတိုင်းမှ အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၅ရက် ည ၇နာရီခွဲတွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အောင်ပွဲရအားကစားသမားများ၊ အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲမှ အသက်(၂၀)အောက် အမျိုးသား၊ အမျိုးသမီး ပထမဒိုင်းဆုများ၊ အလွတ်တန်း အမျိုးသားပထမဒိုင်းဆု၊ ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုနှင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ လူထုလှုပ်ရှားမှုတွင် ပြည်နယ်နှင့်တိုင်းအဆင့် အတက်ကြွဆုံး လေးနှစ်ဆက်တိုက် ပထမတံခွန်စိုက်ဒိုင်းဆုများကို တိုင်းမှူးထံ လွှဲပြောင်းအပ်နှံသည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဟောင်ကောင်မြို့ မာရသွန်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိခဲ့သည့် မခက်ဝေဖြာအောင်၊ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ရရှိခဲ့သော မဖြူဝါသက်နှင့် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော ရွှေတံဆိပ်ဆုရ အားကစားသမား၂၅ဦး၊ ငွေတံဆိပ်ဆုရ ၁၇ဦး၊ ကြေးတံဆိပ်ဆုရ ၁၁ဦး စုစုပေါင်း အားကစားသမား ၅၃ဦးတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးချီးမြှင့်ကြသည်။

တက်ရောက်ကြည်ညို

မတ် ၆ ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည့် ပဲခူးတိုင်းအတွင်းမှ ၂၀၀၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားသို့တက်ရောက်ကြည်ညိုသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ပရိသတ်များက သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထုပါရုံ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖွား ချီးမြှင့်တော်မူကြပြီး တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်များက ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် ဖြူးမြို့ မင်းကျောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝဇီရဏာဉဏက အနုမောဒနာတရားဟောကြားတော်မူပြီး တိုင်းမှူးနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အလှူရှင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

လောင်းလှူပူဇော်

ထို့နောက် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်များက ဆရာတော် သံဃာတော် ၈၁ ပါးနှင့် သီလရှင်ဆရာကြီး ငါးပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးသည် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန အဆောက်အအုံသစ် ဆောက်လုပ်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်ပိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၄ရက် နံနက်ပိုင်းက လားရှိုးမြို့အထွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်ယာမြေ(၁)၊ ဧက ၁၀၀၀ စံပြစိုက်ခင်း စီမံကိန်းသို့ ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း ကတ်တီမိုးကော်ဖီပင် ၂၅၀၀၊ မက္ကဒေးမီးယားပင် ၂၇၀၀ ပျိုးထောင်ထားရှိမှုအခြေအနေများနှင့် ရာသီအလိုက် သီးနှံစိုက်ခင်းများကိုလည်းကောင်း၊ စီမံကိန်းအတွင်းရှိ မက္ကဒေးမီးယားအပင် ၃၅၀၀၊ ဆင်းရွှေလီ ပျားလိမ္မော်အပင် ၂၀၀၀ သီးညှပ်စိုက်ခင်းသို့ လည်းကောင်း၊ စီမံကိန်းအတွင်း ခေတ်မီရေဖြန့်ဝေရေးစနစ် လုပ်ငန်းဆောင်ရွက်မည့် ရေဂါလန်နှစ်သိန်းဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် စံပြစိုက်ခင်းစီမံကိန်းအတွင်းရှိ တစ်နှစ်စပါးနှစ်သီး၊ ရာသီ သီးနှံတစ်သီး၊ စုစုပေါင်းတစ်နှစ်သုံးသီး သုတေသနစံပြဧက ၃၀ စိုက်ပျိုးမည့် စိုက်ခင်းနေရာသို့ရောက်ရှိပြီး စိုက်ခင်းနေရာ မြေပြုပြင်ထွန်ယက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

— မှာကြား —

ထို့မှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ ဟူးမွန်ဆည်ရေသောက် အထူးအထွက်တိုး ဆင်းရွှေလီ နွေစပါးစံပြဧက ၁၂၀ စိုက်ကွင်းသို့လည်းကောင်း၊ လားရှိုးမြို့သို့ သောက်သုံးရေ ဖြန့်ဖြူးပေးလျက်ရှိသည့် မြကန်သာကန် ၁၈ဆင့် ရေကန်တောင်အတွင်းရှိ တိုးချဲ့တူးဖော်ဆဲ ရေကန်အမှတ် (၇)နှင့်(၈)နေရာ၌ စက်ယန္တရားကြီးများဖြင့် ရေကန်များ တူးဖော်ဆောင်ရွက်နေမှုများ၊ ပြည်နယ် အစီအစဉ်ဖြင့် ထပ်မံတိုးချဲ့တူးဖော်ဆဲ ရေကန်အမှတ်(၁၈) တူးဖော်ဆောင်ရွက်မည့် အခြေအနေ၊ ရေကန်တစ်ကန်ချင်းအလိုက် ရေသိုလှောင်ထားရှိမှုများနှင့် သောက်သုံးရေဖြန့်ဝေပေးမှုအခြေအနေများလည်းကောင်း၊ ရေကန်များဝန်းကျင် သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုအခြေအနေများအား လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

သမိုင်းဝင် ဇေယျသိဒ္ဓိစည်ကြီးတင်စေတီတော် ထီးတော်သစ်တင်လှူ

အုတ်တွင်း မတ် ၅

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် စည်ပင်သာကျေးရွာအနီးတွင် တည်ထားပူဇော်သည့် သမိုင်းဝင် ဇေယျသိဒ္ဓိစည်ကြီးတင် စေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်ပွဲ အခမ်းအနားကို (တပို့တွဲလဆန်း ၁၄ ရက်) ဖေဖော်ဝါရီ ၄ ရက် နံနက်က အဆိုပါ စေတီတော်မြတ်ကြီးရှေ့ မင်္ဂလာမဏ္ဍပ်တွင်ပြုလုပ်ရာ ထီးတော်အလှူရှင် ဦးစိုးမြင့်၊ ဒေါ်နွဲ့စန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများက ထီးတော်အသစ်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့အား ဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

တင်လှူပူဇော်

ထို့နောက် မင်္ဂလာအချိန် နံနက် ၈ နာရီ ၃၆ မိနစ်တွင် နာယကဆရာတော် ဦးဆောင်၍ ထီးတော်ကို ပန်းရထားဖြင့် ဘုံဆင့်အလိုက် တင်လှူပူဇော်ကြသည်။ **(ယာပုံ)** (၂၉၄)

ကြေးမုံ The Mirror မြို့နယ်သတင်းများ

နောင်ပန်-ဝမ်ယိမ်း ကျောက်ချောလမ်းဖွင့်

လဲချား မတ် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချား မြို့နယ် နောင်ပန်ကျေးရွာ၌ နောင်ပန်-ဝမ်ယိမ်း ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈နာရီတွင် ကျင်းပရာ လဲချား မြို့နယ်မြေခံတပ်ရင်းမှ ဒုတိယ ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်သည်။ ရှေးဦးစွာ နောင်ပန်-ဝမ်ယိမ်း ကျောက်ချောလမ်းကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသာနိုးအောင်နှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးစံတောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောက်ချောလမ်းကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ခဲ့ရာ ကျပ် ၈၀၄၅၄၀ ကုန်ကျကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်

ပြည် ဖေဖော်ဝါရီ ၂၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက္ကူ/ဓာတုလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးသန်းရွှေ၊ ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစုက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ် အဆင့်တွင် ပညာသင်ကြားလျက် ရှိသော ပေါင်းတည်မြို့နယ်မှ ကျောင်းသား၊ ကျောင်းသူသုံးဦးအား တစ်ဦးချင်း ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၅၀၀၀၀ ကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၉ နာရီက ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံး နဝရတ် ခန်းမတွင် ကျင်းပရာ အလှူရှင်များကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင် သက်က ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ် သည်။ **(ဝဲပုံ)**

(၄၉၇)

ဘွဲ့တံဆိပ်တော်ဂုဏ်ပြုပူဇော်ပွဲနှင့် စာပေဟောပြောပွဲကျင်းပ

ကြို့ပင်ကောက် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင် ကောက်မြို့ တိုက်ကျောင်းပါဠိ တက္ကသိုလ် အဓိပတိဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရိန္ဒာစာရ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဒုတိယအကြိမ် မြို့နယ်လုံးဆိုင်ရာ သာသနာ့မာမက စာမေးပွဲ စာအောင်ဆုနှင်းသဘင်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပူဇော်ချီးမြှင့် သော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ တိုက်ကျောင်းပါဠိ တက္ကသိုလ် တိုက်ကြပ်စာချဆရာတော် ဂန္ထဝါစက ဘဒ္ဒန္တ ကောဏ္ဍညမထေရ် အား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနား နှင့် စာအောင်ဆုနှင်းသဘင် အထိမ်း အမှတ်အဖြစ် စာပေဟောပြောပွဲကို တပေါင်းလပြည့်ကျော် ၄ ရက် အရှေ့ ဘက် မဟာလောကသီရိဘုရားကြီး သံတန်ဆောင်းတော်အတွင်း၌ ကျင်းပ သည်။ (၁၂၄)

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့အောက်ရှိ မြစ်သားမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် မြစ်သားဈေးနှင့် ကူမဲဈေးများတွင် ဝန်ထမ်းများနှင့် ဈေးအကျိုးဆောင်အဖွဲ့၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ ပူးပေါင်းပြီး မီးဘေးလုံခြုံရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ၂၄ရက်က ပြုလုပ်ကြစဉ်။

(မြို့နယ်စည်ပင်)

ကယားပြည်နယ် တိုင်းရင်းဆေးရုံ ဖွင့်ပွဲကျင်းပ

လွိုင်ကော် ဖေဖော်ဝါရီ ၁၂

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကို ဂုဏ်ပြုသောအားဖြင့် ကယား ပြည်နယ် တိုင်းရင်းဆေးရုံဖွင့်ပွဲ အခမ်း အနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉နာရီခွဲက လွိုင်ကော်မြို့ ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနရုံးအတွင်း ၌ ကျင်းပသည်။

အခမ်းအနားတွင် အစီအစဉ်အရ ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ် ဦးစီးမှူးဦးတင်မင်းအောင်က ဆေးရုံဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက တိုင်းရင်းဆေးရုံ ကျောက်သားဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် တိုင်းရင်းဆေးရုံ အဆောက်အအုံအား ပြည်နယ်အတွင်း ရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်ထွန်းနှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဆွေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးသည်။ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် တိုင်းရင်းဆေး ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တို့အား ပြည်နယ်တိုင်းရင်းဆေးမှူး က အထိမ်းအမှတ်အလံများ ပေးအပ် သည်။ ထို့မှ တစ်ဆင့်ပြည်နယ်ဥက္ကဋ္ဌ နှင့် ဧည့်သည်တော်များသည် ဆေးရုံ အတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ် သည်များကို ဖြည့်ဆည်းမှာကြားခဲ့ ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ကျွဲ၊ နွား ခွာနာလျှာနာ ကာကွယ်ဆေးထိုးနှံ

တာလေမြို့နယ်ခွဲ ဖေဖော်ဝါရီ ၁၅

တာချီလိတ်ခရိုင် တာလေမြို့နယ် ခွဲသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သံဒိုင်နှင့်အဖွဲ့သည် တာလေမြို့နယ် ခွဲအတွင်း ဇန်နဝါရီလမှစတင်၍ ကျွဲ၊ နွားခွာနာလျှာနာကူးစက် ရောဂါ ကာကွယ်ဆေးများအား ထိုးနှံပေးလျက် ရှိရာ ကျွဲ၊ နွားကောင်ရေ ၉၅၀ အား ကာကွယ်ဆေးထိုးနှံပြီးစီးပြီး အခြား စီမံကိန်းဝင် ကျွဲ၊ နွားကူစက်ရောဂါ ကာကွယ်ဆေးများကိုလည်း ဆက်လက် ထိုးနှံလျက်ရှိရာ မြို့နယ်ခွဲ မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စံထွန်းဝေနှင့်အဖွဲ့ လာရောက်ကွင်းဆင်း ဆောင်ရွက်မှုတို့ကို ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့မှ ကူညီကြကြောင်း၊ ကျွဲ၊ နွား ကောင်ရေ ၂၂၉၂ ကောင်အား ကာကွယ် မှု ပေးနိုင်ခဲ့ကြောင်း သိရသည်။

(မွေးမြူရေးနှင့်ကုသရေး)

ကျေးလက်ကျောက်ချောလမ်းခင်းမှုစစ်ဆေး

ရွှေဘို မတ် ၅

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူး ဦးမျိုးသိန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်မောင်းတို့သည် ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုဖြစ်သော သီးလုံးလမ်းခင်းခြင်း ဆောင်ရွက်မှု အခြေအနေကို ဇန်နဝါရီ ၂၅ ရက်က သွားရောက်ကြည့်ရှု စစ်ဆေးသည်။

(အောက်ပုံ)

၎င်းလမ်းသည် သီးလုံးရွာနှင့် ရွှေဘို-ရေဦးလမ်းမကြီးသို့ ဆက်သွယ်ဖောက်လုပ် ထားပြီး အရှည်ပေ ၇၃၀၀၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းဖြစ်ပြီး အဖွဲ့ ရန်ပုံငွေမှ ကျပ် ၂၀၀၀၀၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၂၉၈၆၅၀၀၊ စုစုပေါင်းငွေကျပ် ၁၄၉၈၆၅၀၀ ကျခံဆောင်ရွက်မည်ဖြစ်သည်။ လမ်းခင်းပြီးစီးမှု အခြေအနေသည် ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီးဖြစ်သည်။ လမ်းပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေး အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မန္တလေးချမ်းအေးသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီက စိတ္တရမဟီရပ်ကွက် ဆုတောင်းရမြတ်စွာဘုရား ပရိဝုဏ်အတွင်းရှိ သုတဘဏ် စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမောင်မောင်တာတို့ ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ရွှေကူ-ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

မိုးကုတ် မတ် ၅

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရွှေကူကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါလမ်း ဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးစိုင်းဖုးကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူးဦးအောင်မြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ရွှေကူးလမ်းမှာ အရှည်ပေ ၁၄၀၀၊ အကျယ် ၁၂ ပေကို ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၁၇ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ပြီး ချောင်းကြီးကျေးရွာအုပ်စုနှင့် ရွာသာယာကျေးရွာအုပ်စု(ဘားနဒ်)ရှိ ပြည်သူများ မိုးကုတ်မြို့နှင့် ကျေးရွာများသို့ လွယ်ကူစွာသွားလာနိုင်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာ လှပရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်က မြောင်းမြမြို့ မြကန်သာ ပန်းခြံအတွင်း သာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်ပြန်/ဆက်)

မြို့ပြစီမံကိန်းများဆောင်ရွက်

လပွတ္တာ ဖေဖော်ဝါရီ ၂၀

မြောင်းမြခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ ပါဝင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က လပွတ္တာမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ မြို့ပြစီမံကိန်း လျာထားဆောင်ရွက်ရန် လမ်း၊ ဈေးနှင့် ဌာနဆိုင်ရာ အဆောက် အအုံများအတွက် မြေနေရာ ရွေးချယ် လျာထားမှုများကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် တာဝန်ရှိ သူများက ကွင်းဆင်းဆောင်ရွက် ကြကြောင်း သိရသည်။ **(၁၇၆)**

ရွှေဘိုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း ကျောင်းသားဟောင်းများသို့ဖိတ်ကြားလွှာ

အောက်ဖော်ပြပါ ဆရာကြီး၊ ဆရာမကြီးများဖြစ်ကြသော

၁။ ဦးထွန်းမြင့်	၂။ ဦးသောင်းတင်	၃။ ဦးမြစိန်
၄။ ဦးစိုးမောင်	၅။ ဦးသန်းစိန်	၆။ ဦးဘို
၇။ ဦးရွှေဘော်	၈။ ဦးတင်ရွှေ	၉။ ဦးဟံညွန့်
၁၀။ ဦးအုန်းငွေ	၁၁။ ဦးစံဝင်း	၁၂။ ဦးသန်းထွန်း
၁၃။ ဦးဝမ်းမောင်	၁၄။ ဦးမြတ်ထွန်း	၁၅။ ဦးထွန်းလင်း
၁၆။ ဦးတင်လှိုင်	၁၇။ ဦးတင်မောင်ရင်	၁၈။ ဒေါ်ခင်သန်းမြင့်
၁၉။ ဒေါ်ခင်မြိုင်ဝင်း	၂၀။ ဒေါ်မြင့်မြင့်ကြွယ်	၂၁။ ဒေါ်ညိုညိုဝင်း

တို့အား ၂၀၀၄ခုနှစ် ဧပြီလ ၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီအချိန်တွင် ရွှေဘိုစိုက်ပျိုးရေးသိပ္ပံ(ညောင်ပင်သာ)ခန်းမ၌ ပူဇော်ကန်တော့ကြပြီး မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်ပါသည်။ ၁၉၅၇မှ ၁၉၈၁ခုနှစ်ထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းတိုင်း (မပျက်မကွက်) တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးမောင်ဝေ(ရန်ကုန်) ၀၁-၂၂၁၈၄၃၊ ဦးခင်မောင်စန်း(မန္တလေး)၀၂-၆၁၁၇၀၊ ဦးကျော်မင်းအောင်(မုံရွာ) ၀၇၁-၂၂၃၁၇၊ ဦးစိန်လင်း(သထုံ) ၀၅၇-၄၀၂၅၇၊ ဦးခင်ညို(ရွှေဘို) ၀၇၅-၂၁၂၇၆ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဤကြော်ငြာကို ဖိတ်စာသဘောထား၍ အပူဇော်ခံကြွရောက်ပေးပါရန် အထူးပန်ကြားအပ်ပါသည်။

ရခိုင်သဟာယအသင်းမိသားစု လေ့လာရေးနှင့်မိတ်ဆုံခရီး

ရခိုင်သဟာယအသင်းမှ ဦးဆောင်၍ သင်္ဘောဖြင့် မအူပင်မြို့သို့ နေ့ချင်းပြန် မိတ်ဆုံခရီးကို ၂၇-၃-၂၀၀၄(စနေနေ့) နံနက်(၆း၃၀)နာရီတွင် မော်တင်လမ်း ဖောတံတားမှ ထွက်ခွာမည်ဖြစ်ပါသဖြင့် လိုက်ပါလိုသူများသည် အောက်ပါနေရာများတွင် ဆက်သွယ် လက်မှတ်ဝယ်ယူနိုင်ပါသည်။

၁။ ဦးစောလှ ဓညဝတီကျောင်း၊ ဦးထောင်ဘိုလမ်း၊ ရန်ကုန်။ ဖုန်း - ၃၇၉၈၉၈

၂။ ဦးကျော်အောင် ၁၄(က/ခ) ရွှေလင်းယုံစတိုး၊ ကုန်ဈေးတန်းလမ်း၊ ဖုန်း - ၂၅၂၇၀၉။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးကံချွန်(အင်ဂျင်နီယာချုပ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)- ဒေါ်ခင်ဆွေဆွေ
တို့၏သား

မောင်မျိုးမင်း (DECK CADET)

EAST WIND SHIP MANAGEMENT PTE.,LTD)

နှင့်

ရန်ကုန်မြို့နေ ဦးတင်ဦး အငြိမ်းစား M.E(M.E.P.E)-ဒေါ်ယဉ်စိန်တို့၏သမီး

မနန်းစန္ဒာဦး (FINAL YEAR ECONOMIC)

တို့၏ ၂၂-၂-၂၀၀၄ရက်နေ့တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်နှင့်ဇနီး ဒေါ်နန်းအေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော စစ်ရေယာဉ်စုမှူး ဗိုလ်မှူးကြီး သက်တင်လှိုင်နှင့်ဇနီး ဒေါ်သီတာချိုတို့အားလည်းကောင်း၊ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီး ဦးထွန်းရှင်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ ခတ်ပုံနှင့်ဗီဒီယို မောင်မောင်ညှပ်နှင့်အဖွဲ့၊ သတို့သား၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော မောင်သုတလင်း၊ မယမင်းခိုင်၊ မင်္ဂလာပန်းကြဲပေးသော မဖြူဖြူသက်ဆွေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများကိုင်ဆောင်ပေးသော မလွင်လွင်ပြုံးနှင့် မသဉ္ဇာလှိုင်၊ ယုဇနဂါးဒင်းဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်း-မနန်းစန္ဒာဦး။



ဝန်ထမ်းအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)

S.L Trading Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိပါ၍လျှောက်ထားနိုင်ပါသည်။

၁။ Marketing

(က)ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်းရှိရမည်။ **ကျား (၁) ဦး**

(ခ)ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။
အသက်(၂၂)နှစ်မှ (၃၀)နှစ်အတွင်း၊ **မ (၁) ဦး**
ရုပ်ရည်အသင့်အတင့်ရှိရမည်။ အိမ်ထောင်မရှိသူဖြစ်ရမည်။

၂။ **အချိန်ပိုင်းသန့်ရှင်းရေးအလုပ်သမား** **မ (၁) ဦး**

မှတ်ချက်။ ။ လုပ်ငန်းအတွေ့အကြုံနှင့် အရည်အချင်းကိုမူတည်၍ အသက်ကန့်သတ်မှုကိုစဉ်းစားပေးမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

လျှောက်ထားလိုသူသည် ကြော်ငြာပါပြီး (၇)ရက်အတွင်း အောက်ပါလိပ်စာတွင် ပုံစံဖြည့်စွက်၍ နံနက်(၉း၃၀)မှ (၁၁း၃၀)အထိ လျှောက်ထားနိုင်ပါသည်။

S.L Trading Co.,Ltd
အမှတ်(၁၇၀/၁၇၆)၊ ၃လွှာ၊ အခန်း(၃၁၀)၊
MGW Tower၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။



G.Link Computer

Hardware Course (A+)
Graphic Design Course
Visual Basic Course

Office XP, DTP, Access, Special Effects
ACCPAC, AutoCAD, C++, JAVA

ကလေးများအတွက်နွေရာသီကွန်ပျူတာသင်တန်းများကို အထူးဈေးနှုန်းဖြင့် လက်ခံပေးနေပါပြီ။

- သင်တန်းသားတစ်ဦးလျှင် ဆရာတစ်ဦးဖြင့် စာတွေ့နှင့် လက်တွေ့များများပေါင်းစပ်၍ မတတ်မချင်းသင်ကြားပေးပါသည်။
- သင်တန်းကြေးများကို အရစ်ကျ ပေးသွင်းနိုင်ပါသည်။

အမှတ် ၅၁၈၊ မြေညီထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတား။

Ph : 243 982, 240 622 Fax : 240 622

ဇင်ချို Car Rental

မြို့တွင်း၊ မြို့ပြင် ကားမျိုးစုံ ငှားရန်ရှိပါသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။

☎ 292208

မန္တလေးမြို့၊ နဒီမြန်မာဟိုတယ်ပိုင်ရှင် ဦးအောင်ခိုင် (ဝိုင်အင်ဂျီ-၁၁၆၃၅၃)၊ ရန်ကုန်မြို့ ဦးစိုးနိုင်(စီအက်စ်-၀၀၁၆၃၂)နှင့် ဦးစိန်မြင့်(တီအာဝိုင်-၀၆၁၈၁၈)တို့သိသာရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၃၉)နေ ဦးသိန်းဦး[၁၂/ရပသ(နိုင်)၀၁၄၃၇၂]နှင့် ဒေါ်ခင်ခင်စိန်[၁၄/ညတန(နိုင်)၁၁၈၁၈၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးအောင်ခိုင်၊ ဦးစိုးနိုင်နှင့် ဦးစိန်မြင့်တို့သည် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့နယ်၊ ကန်ကြီးကုန်းကျေးရွာအုပ်စု၊ ကန်ကြီးကုန်းကျေးရွာနေ ဦးမောင်စံ(ခ) ဦးဆန်းထွန်း(ဘ)ဦးထွန်းကြာထံမှ ကန်ကြီးကုန်းကျေးရွာရှိ ကွင်းအမှတ်(၆၅၆)၊ ဦးပိုင်အမှတ်(၆၀/က)နှင့် (၅၉)ရှိ ခြံမြေများကို ကျွန်ုပ်၏အမှုသည် ဦးသိန်းဦး၊ ဒေါ်ခင်ခင်စိန်တို့ထံ ၁၃-၂-၂၀၀၂ရက်စွဲပါ စာချုပ်အရ ရောင်းဖိုးငွေကျပ် ၂၂၀၀၀၀၀/-(ကျပ်နှစ်ဆယ့်နှစ်သိန်းတိတိ)ဖြင့် အပြီးအပိုင်ရောင်းချခဲ့ထားခဲ့သော်လည်း ဦးမောင်စံ(ခ)ဦးဆန်းထွန်းက ဖခင်အမည်ပေါက် ၎င်းပိုင်ခြံမြေ(၉) ဧကအနက်(၃)ဧကကိုသာ တစ်ဧကလျှင်ငွေကျပ် ၃၅၀၀၀၀/-ဖြင့်တန်ဖိုးငွေ ၁၀၅၀၀၀၀/-နှင့်ခြံရှင်းခ ၁၅၀၀၀၀/-အပါအဝင် စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀/-(ကျပ်တစ်ဆယ့်နှစ်သိန်းတိတိ)ဖြင့် ဦးအောင်ခိုင်သို့ရောင်းချခဲ့ကြောင်း၊ ဝန်ခံကတိစာချုပ်အရ ဖြေရှင်းလာပါသဖြင့် ကျွန်ုပ်အမှုသည်များ၏ နစ်နာဆုံးရှုံးမှုအပေါ် ၁၂-၃-၂၀၀၄နောက်ဆုံးထား၍ အမြန်ဆုံးဆက်သွယ်တွေ့ဆုံဖြေရှင်းရန်နှင့် သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ တွေ့ဆုံဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသိန်းဦး၊ ဒေါ်ခင်ခင်စိန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်မြင့်(ဘိုကလေး)
တရားရုံးချုပ်ရှေ့နေ(စဉ်-၃၀၂၅)
အမှတ်-၅၈(မြေညီထပ်)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၇၀၉၄၁၃။

သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ (၂၇)လမ်း(အောက်)၊ အမှတ်(၃၃) (၅လွှာ-ဘီ)နေ ဦးဝင်းနိုင်[၁၂/ပဘတ(နိုင်)၀၂၉၂၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကွမ်းခြံ(၇)လမ်း၊ (၃)ရပ်ကွက်ရှိ (၁)တိုက်အမှတ် (၉/၁၁)၊ အခန်းအမှတ်(၀၀၂)(မြေညီထပ်)၊ (၂) တိုက်အမှတ် (၁၀/၁၂)၊ အခန်းအမှတ်(၃၀၂)(တတိယလွှာ)တို့ကို ဦးဝင်းနိုင်အား အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူ ဦးမြဟန် [၁၂/ပဘတ(နိုင်)၀၂၇၉၆၃]က လည်းကောင်း၊ CDMA(Fixed Phone) 01. 704 149 ကို ဦးဝင်းနိုင်ကလည်းကောင်း ပိုင်ဆိုင်လျက်ရှိပါသည်။

ယင်းပစ္စည်းများကို ဦးဝင်းနိုင်နှင့် ဦးမြဟန်တို့၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်း၊ လှဲလှယ်ခြင်း၊ ဝယ်ယူခြင်း၊ ငှားယူခြင်း၊ အပေါင်ခံခြင်း၊ အမည်ပြောင်းခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ သုံးစွဲခြင်းနှင့် တစ်နည်းနည်းလွှဲပြောင်းခြင်း၊ ရယူခြင်းတို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်း(B.Sc, H.G.P., R.L)
တရားရုံးချုပ်ရှေ့နေကြီး (၄၇၄၅)
၅၀/ပထပ်၊ အခန်း(စီ-၁)၊ ဘဏ်လမ်း၊ ရန်ကုန်မြို့။

အသိပေးကြေညာချက်

မြိတ်မြို့၊ ကန်ကြီးနယ်မြေ၊ မြန်အောင်ရပ်၊ ရွှေကျင်တိုက်ကျောင်းလမ်း၊ အမှတ်-၂၈နေ ဦးစောဂျက်(ခ)ဦးချစ်ဖေ[၆/ဘပန(နိုင်)၀၁၆၃၀၈]နှင့် ဒေါ်ခင်စိုး[၆/ဘပန(နိုင်)၀၁၁၆၇၆]တို့ လင်မယား၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၂၀၀၃-၂၀၀၄ခုနှစ် မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ရပ်ကွက်အမှတ်-၅၊ ကန်ဖျားရပ်ကွက်၊ ကွင်းအမှတ်/အမည်-၆(င)ကန်ဖျား၊ ဦးပိုင်အမှတ် က/၂ ဧရိယာ(၀.၁၁၁၆)ဧက ဦးပိုင်အမှတ်-၃၊ ဧရိယာ(၀.၁၄၆၆)ဧကနှင့် ဦးပိုင်အမှတ်-၄၊ ဧရိယာ(၀.၁၂၆၁)ဧက စုစုပေါင်း(၁.၁၀၄၃)ဧကရှိ ဦးအောင်ဝင်းထွန်းအမည်ပေါက် မြေကွက်နေရာများကို ကျွန်ုပ်မိတ်ဆွေဦးစောဂျက်(ခ)ဦးချစ်ဖေနှင့် ဒေါ်ခင်စိုးတို့လင်မယားက ဦးအောင်ဝင်းထွန်းထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နေရာများနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြေညာသည့်နေ့မှစ၍ တစ်လအတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ဖော်ပြပါ မြေကွက်နေရာများကို အရောင်းအဝယ်ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစန်းလွင် B.A(Law),LL.B
တရားရုံးချုပ်ရှေ့နေ
သန်းဖိုရပ်၊ မြိတ်မြို့။



အမည်ပြောင်းခြင်း

သန်လျင်မြို့၊ မြို့ဟောင်း အလက အဌမတန်း(A)မှ မောင်ဖြိုးဖြိုး၏ အမည်မှန်မှာ မောင်ဖြိုးမင်းဦးဖြစ်၍ ၎င်း၏ဖခင်အမည်မှန်မှာ ဦးဇော်မျိုး (SRM - ၀၉၅၁၁၇) ဖြစ်ပါသည်။

ရောင်းမည်

အယ်ဖေးရှင်းခွေးသားပေါက်များ ရောင်းရန်ရှိသည်။

ရုံးဖုန်း- ၂၁၁၄၈၀၊ ၃၆၊ (၂)လမ်း၊ လမ်းမတော်။

ရုံးဖုန်းပြင်ပ-၀၉-၉၉-၂၂၄၇၈။

နို့နှစ်လုံးဖိုးလုံးကျေပါတယ်

ဝမ်းနည်းကြေကွဲခြင်း အတွက် မသိဘဲ

(ဝမ်းနည်းကြေကွဲခြင်း) ... အကြောင်းကြားစာ

ဒေါ်ခင်စန်းရှိလိုက်

မောင်ပေါ်ထွန်း
အကြီးအကဲ
သီဟရတနာစာပေမှ ထွက်နေပါပြီ။

Private Tutoring
(English Language)
Daw Soe Soe Win
Ph: 642725, 534723

YWCA
မုန့်ဖုတ်အထူးသင်တန်း

Bread, Patties, Plain Cake, Marbel Cake, Fruit Cake, Cream Roll, Cookies, Hamburger

နေ့ရက် – ၂၀၀၄ခုနှစ် မတ်လ(၂၉)ရက်မှ ဧပြီလ (၂)ရက်အထိ
အချိန် – နံနက် ၈း၃၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ
နေရာ – YWCA (၁၁၉)ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်ဖုန်း–၂၄၅၈၆၉။

HIGH STAR POLYMER

HI-STAR

592084 706487, 642122, ext 241

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
ရောဝတီတိုင်းတရားမရုံးတော်၌
၂၀၀၁ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၁နှင့်ဆက်သွယ်သည့်
၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၄

လက်ထောက်အထွေထွေမန်နေဂျာ **နှင့်** **၁။ ဦးမောင်မောင်အေး**
မြန်မာ့စီးပွားရေးဘဏ်(ဘဏ်ခွဲ–၂) **၂။ ဒေါ်တင်တင်မာ**
ရန်ကုန်မြို့။
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးမောင်မောင်အေး၊ ဒေါ်တင်တင်မာ၊ အမှတ်–၄၊ နှင်းဆီလမ်း၊ တတောရပ်ကွက်၊ အိမ်မဲမြို့ သိစေရမည်။

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်–၄၁တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၄ခုနှစ် မတ်လ၂၅ရက်(၁၃၆၅ခုနှစ်၊ တန်ခူးလဆန်း၅ရက်နေ့)မွန်းမတည့်မီ ၁၁နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **ခင်မျိုးညွန့်**
တွဲဖက်တိုင်းတရားသူကြီး
ရောဝတီတိုင်းတရားရုံး၊ ပုသိမ်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စောရင် (၇၉)နှစ် (ဟင်္သာတ)

သူငယ်ချင်း ဒေါက်တာစန်းလွင် နှင့် ဒေါက်တာ ခင်နွယ်ဦး (အဓိပတိဆေးခန်း)တို့၏မိခင် ဒေါ်စောရင်သည် ၄–၃–၂၀၀၄နေ့တွင် ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းတို့ ဇနီးမောင်နှံနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲကြရပါသည်။ **ဆေးတက္ကသိုလ်–၂၊ မင်္ဂလာဒုံ ၁၉၇၄–၁၉၈၂ သူငယ်ချင်းများ။**

နန်းဦးကြိုင်

☎-283410

၂၀၀၄ သင်္ကြန် အပန်းဖြေခရီးစဉ်

Air - conbus / Hotel

8.3.04 From 20.3.04 4% Discount

Tel : 526722

ရွှေထီးတန်း

T T A & Brothers Car Rental Service

❖ April 9 ရက်မှ 16 ရက်အထိ (၂)ညအိပ် (၃)ရက်

❖ Mini Bus

Ph: 380837, 380839, 249380, 720839, 725798, 537026

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်း၊ အမှတ်(၄)တွင် ရုံးခန်းတည်ရှိသော SHENG DA DEVELOPMENT LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားနှင့် ဒီဇိုင်း၏ တစ်ဦးတည်း ပိုင်ရှင်ဖြစ်ပါသည်။

South-Star

NANFENG

新南方 Registered No. 4/5140/2003

South-Star ဟူသော စာသားနှင့် NANFENG ဟူသော စာသားများ ပါဝင်သည့် အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားဖြင့် Common Gas Food Baker, Electro-Thermal Food Baker, Electric Oven, Fermenting Box, Cradle Furance, Hot Air Rotary Furnace, Tunnel Furnace, Denmark Crisp Machine, Egg Mixer, Rice-Ball Machine, Paste Dividing Machine, Toast Shape Repairing Machine, Show Cabinet, Slicer အစရှိသည့် မုန့်ဖုတ်ခြင်းနှင့်သက်ဆိုင်သော စက်ပစ္စည်းမျိုးစုံတို့ကို ထုတ်လုပ်ရောင်းချရာ၌ အသုံးပြုလျက်ရှိပါသည်။ ထုတ်လုပ်ထားသည့် ပစ္စည်းအမျိုးမျိုးတို့၏ မြင်သာသောနေရာ၌လည်းကောင်း၊ ထုပ်ပိုးပစ္စည်းအသီးသီးပေါ်တွင်လည်းကောင်း ဤကုန်အမှတ်တံဆိပ်များကို ကပ်နှိပ်ဖော်ပြကာ အများသိရှိစေရန် ကိုယ်ပိုင်သုံးစွဲရောင်းချလျက်ရှိသည့်အပြင် ရန်ကုန်မြို့၊ မန္တလေးမြို့များနှင့် တကွ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားရန်အတွက် တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် ၄/၅၁၄၀/၂၀၀၃ ဖြင့် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်းအသီးသီးနှင့်တကွ ယင်းဒီဇိုင်းအသုံးပြုထားသည့် အထက်ဖော်ပြပါ စက်ပစ္စည်းအသီးသီးတို့ကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း၊ ကူးယူဖြန့်ချိရောင်းချခြင်း (သို့မဟုတ်) နိုင်ငံရပ်ခြားတိုင်းပြည်တစ်ခုခုထံ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အဆိုပါ ကုန်အမှတ်တံဆိပ်ဖြင့် ပုံတူစက်ပစ္စည်းများ ပြုလုပ်ပေးစေရန် မှာယူတင်သွင်းခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်းများ မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။ ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

SHENG DA DEVELOPMENT LIMITED ၏ ညွှန်ကြားချက်အရ–
ဦးတင်အေး B.Sc, H.G.P., R.L, D.B.L, D.A.Psy., D.M.L
တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ
အမှတ်(၁၅)၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉–၅၀၀–၆၇၆၄။

ရွှေစက်တော်နှင့် ဘုရားစုံ၊ ပေလီ၊ ချောင်းသာ

ရွှေစက်တော်(၂)ည (၄)ရက်ဆက်၍ ပုဂံ၊ ပုပ္ပား၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ အင်းလေး၊ ပင်းတယ (၈)ရက်ဆက်၍ ပခုက္ကူ၊ ပခန်း၊ မုံရွာ၊ စစ်ကိုင်း၊ မန်းသင်္ကြန်၊ ပြင်ဦးလွင်အနံ့ (၁၂)ရက် ခရီးတိုင်း ထမင်းကျွေး၊ ကမ်းသာယာ၊ ပေလီ(၆)ရက်၊ ချောင်းသာ(၅)ရက်၊ ဧပြီ(၉)ရက်ည ထွက်မည်။ **ခေတ်ရှေ့ဆောင်–ဦးကျော်မြင့်၊ လက်ရွေးစင်လက်ဖက်ရည်နှင့် စတိုးဆိုင်၊ ဆူးလေဘုရားလမ်း၊ ဖုန်း–၂၄၆၁၃၃။**

E.S.S Co., Ltd.

တောင်ကြီး၊ အင်းလေးခရီးစဉ် 10/11/12/13.4.04
ပုဂံ၊ ရွှေစက်တော်ခရီးစဉ် 12.4.04

ရွှေကြေးစည် သင်္ကြန်

Ph: 704422, 547295

ရွှေမဟာ အဆင့်မြင့်ခရီးသွားလုပ်ငန်း

ရွှေစက်တော်နှင့် လမ်းဘုရားစုံ	(March 12, 19, 26)
ရွှေစက်တော်–ပုပ္ပား–ပုဂံ	(March 12, 19, 26)
တောင်ကြီး–အင်းလေး–ပင်းတယ	(March 12, 19, 26)
သင်္ကြန်အထူးခရီးစဉ်များ	(April 11)

(၁)ပေလီ၊ (၂) တောင်ကြီး၊ (၃) ရွှေစက်တော်–ပုပ္ပား–ပုဂံ
မိသားစု၊ အသင်းအဖွဲ့အလိုက် သီးခြားစီစဉ်ပေးပါသည်။
မြို့တွင်း၊ မြို့ပြင် ကားမျိုးစုံ ငှားရမ်းပါသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
ငြိမ်းချမ်းစံ(ရန်ကုန်–မန္တလေး) Express အရောင်းဌာန
၆၁၊ မင်္ဂလာလမ်း၊ စမ်းချောင်း၊ ဖုန်း–၇၁၀၀၅၁။

ကား စီး လုံး ငှား သည်။

CRANE Ph: 708569, 538535, 095002018

အမြန်ငှားမည်

ဂျွန်းကျင်း
ကိုရီးယားဘာသာသင်တန်း
Daw Khaing Sabai
M.Sc. (Zoology) Dip. in Korean (YUFL)
ဂျွန်းကျင်းသို့ ဆက်သွယ်ပြီး မိမိကိုယ်ကို ယုံကြည်မှုရယူပါ။

Vacancy Announcement
(For Local Service Only)

We are looking for energetic and productive players for our "Myanmar Forever June Co., Ltd. (IT Section)" and warmly welcome those who are eagerly seek a job of their profession to join us:

1. **Marketing Manager** M/F (2) Posts
   - Any graduate who is fluent in English
   - Age between (25 - 35) years
   - Must have computer skill
   - Who can tour wherever s/he is assigned
   - 1 year service experience in Marketing
   - Marketing Diploma is more preferred.
2. **Marketing Staff** M/F (10) Posts
   - Must be a graduate
   - Age under 30 years
   - Must have computer knowledge
   - Good personality, being intelligent and clever in communication is more preferred.

Interested candidates can submit your CV together with labor registration card (duplicated), two recent photos and qualification papers of your education to No. 447/449 (1st Floor), Merchant Rd, Botahtaung Tsp.(ph: 297188) within (7) days after the date of this advertisement, please.

သင်္ကြန် EXPRESS Ph: 292268

AZ

ဇော်ဝင်
☎ 380183

RUBY CarRental
725317, 650823

24, hr

ကားငှားမည်

သစ္စာ

ပျောက်ဆုံးခြင်း

ကျွန်မ မယုယုခိုင်၏ e-passport စာအုပ် No. CM 103176 နှင့် ယာဉ်မောင်း လိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ လိပ်စာသို့ အကြောင်းကြားပေးပါရန် မေတ္တာ ရပ်ခံအပ်ပါသည်။ ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။
အမှတ်(၈၀) မြေညီထပ်၊ (၁၆)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၁၂၁၁၈၊ ၂၄၂၇၆၂။

အမွေပြတ်စွန့်လွှတ်ပြီးကြောင်း ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအေးကြူ – ဒေါ်တင်ကြည်တို့၏ သားဖြစ်သူ မောင်သွင်မောင်မောင်သော် [၁၂/လမတ(နိုင်)၀၀၁၂၈၅] သည် မိဘနှစ်ပါးနှင့် မိသားစုများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် သဘောမတူ၊ ခွင့်မလွှတ်နိုင်သော ကိစ္စများကို ပြုမူသွားခဲ့သဖြင့် ၃–၅–၂၀၀၂ ရက်နေ့ကပင် အမွေပြတ်စွန့်လွှတ်ခဲ့ပြီး ဖြစ်ပါသည်။

မောင်သွင်မောင်မောင်သော် နှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမဆို မိဘနှစ်ပါးနှင့် မိသားစုဝင်များက တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ညွှန်ကြားချက်အရ–
ဦးတင်ဝင်းအောင်
B.A(Law), LL.B,D.B.L, D.M.L, D.A.P
တရားရုံးချုပ်ရှေ့နေ
(စဉ်–၁၅၈၃)။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မထိပ်တင်စိန် [၁၂/ကမရ(နိုင်) ၀၂၃၉၈၀]၏ မှတ်ပုံတင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အောက်ပါလိပ်စာသို့ ပေးပို့ပါရန်။ **တိုက်(၆)၊ အခန်း(၄)၊ အနော်ရထာအိမ်ရာ၊ လှည်းတန်း၊ ဖုန်း–၅၀၅၄၁၄။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်န/၉၀၂၆မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ယနေ့မှ ၁၅ရက်အတွင်း ကညန(မြစ်ကြီးနား)၊ ကချင်ပြည်နယ်သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်လထော်နန်ဂရောင်
အသက်(၇၄)နှစ်
အလယ်တန်းပြဆရာမ(ငြိမ်း)
အထက(၁)၊ ဗန်းမော်မြို့

ဗန်းမော်မြို့၊ အင်ဘာပါရွာနေ (ဆရာကြီးဒူဝါလထော်ဇော်ဆိုင်း–ဒေါ်ဒမောင်ရွယ်)တို့၏သမီးကြီး၊ (ဦးမခါနော်–ဒေါ်လဖိုင်ကော့)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇမ္ဗူရစ်လမ်း၊ အမှတ်(၁၆)နေ ဦးမခါကမ်ထွဲ(စိန်လုံတောင်တန်းဝန်ထောက်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မြစ်ကြီးနားမြို့နေ ဦးလထော်ဂွမ်ဂျာ–ဒေါ်လဖိုင်နန်ကွယ်၊ ရန်ကုန်မြို့နေ ဒေါ်လထော်နန်းလုံ–(ဦးကျော်ဝင်း)၊ မြစ်ကြီးနားမြို့နေ ဒေါ်လထော်နန်တောမ်–(ဦးဘုန်းအောင်နော်)တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါ်ခေါန်ရာ(ဒုညွှန်မှူး၊ဆည်မြောင်းရုံးချုပ်)–ဦးလဘန်ရှိန်ရစ်(လ/ထထွေဂျာ၊ မြန်မာ့မီးရထား၊ စွမ်းအားပြည့်ကော်မတီ)၊ ဒေါ်ဘောက်နူး၊ ဒေါ်ရွယ်တောင်–Mr. Yuji Kinoshita၊ ဦးနူးလာ–ဒေါ်အဲလစ်ဇဘက်ရှန်လွမ်(a) Nu Nu ၊ ဗိုလ်ကြီးထုဆန်(သမက၊ မင်္ဂလာဒုံ)၊ ဦးနော်တောင်–ဒေါ်ထုဆိုင်း၊ ဦးလဒိန်–ဒေါ်မရန်၊ ဂျာဆိုင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဘလန်ဘရန်မိုင်(TTC၊ ရန်ကင်း)၊ မဆိုင်းဆန့်တို့၏ အဘွားသည် ၉–၃–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁:၄၅နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

မြိတ်အသင်း

ဦးစိုးလှိုင်(ခ)ဦးဟုတ်လှိုင်
အသက်(၇၃)နှစ်
အသင်းဝင်အမှတ်(၁၁၅၉)

မြိတ်မြို့၊ ဆိပ်ငယ်ရပ်နေ (ဦးအံ့နီ–ဒေါ်စူ)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံအဆင့်မြင့်အိမ်ရာ၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အဆောင်(စီ)၊ အခန်း(၂၀၉)နေ ဒေါ်မြရီ၏ ခင်ပွန်း ဦးစိုးလှိုင်(ခ)ဦးဟုတ်လှိုင်သည် ၈–၃–၂၀၀၄(တနင်္လာနေ့)တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင်ပင် ကွယ်လွန်သူ၏ ဆန္ဒအရ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ကျောင်း၊ဒါယကာကြီး

ဦးအုန်းကျော်(၆၆)နှစ်
ဒုတိယညွှန်ကြားရေးမှူးချုပ်
မိုး/ဇလ၊ ငြိမ်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ခြံအမှတ်(၃)၊ အောင်မင်္ဂလာလမ်းနေဦးသာဒွန်းဦး–(ဒေါ်ကြည်)တို့၏ တစ်ဦးတည်းသောသား၊ (ဒေါက်တာဦးကြွယ်–ဒေါ်အေးကြူ)တို့၏ သားသမက်၊ ဒေါ်မြမြ(မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်ရေး)၏ ခင်ပွန်း၊ မအိအိကျော်၊ဒေါက်တာစည်သူဝင်း–ဒေါက်တာခိုင်ခိုင်ကျော်တို့၏ ဖခင်၊ မောင်ငြိမ်းချမ်း၊ စည်သူဝင်းတို့၏ အဘိုးသည် ၈–၃–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးခင်ဝင်း (BOSUN)
အသက်(၄၇)နှစ်
UNITEAM MARINE

ရန်ကုန်မြို့၊ အမှတ်(၂၇၅)၊ မြို့မ(၁၁)လမ်း၊ (၄)ရပ်ကွက်၊ သာကေတမြို့နေ (ဦးလှဒင်–ဒေါ်ခင်မေ)တို့၏ သား၊ (ဦးတင်စော)–ဒေါ်လှကြည်တို့၏ သားသမက်၊ ဦးတင်အောင်(စက်ရုံမှူး၊ ရေရောကတ္တရာစက်ရုံ)–ဒေါ်ကြည်ကြည်လဲ့၊ ဒေါ်တင်တင်အေးတို့၏မောင်၊ ဒေါ်ယုယုဆွေ၏ခင်ပွန်း၊ (မောင်မင်းသီဟ–မကလျာ)၊ (မောင်နိုင်အောင်–မခင်ပို့ပို့ဝင်း)၊ မခင်ဇပရယ်ဦး၊ မောင်ချစ်ကိုကိုဦးတို့၏ဖခင်သည် ၉–၃–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်ကျင်ခွေး(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀၂)၊ အောင်မင်္ဂလာလမ်း၊ တာမွေမြို့နယ်နေ (ဦးထွန်းလှိုင်)၏ ဇနီး၊ ဒေါက်တာဦးတင်ယု၊ ဦးလှဝင်းတို့၏ မွေးသမိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၈–၃–၂၀၀၄ရက် နံနက် ၁၁:၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၃–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ညွန့် (၆၂)နှစ်
မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း
နည်းပြ
ပို့ဆောင်ရေးဝန်ကြီးဌာနဘောလုံးအသင်း
တပ်မတော်ရေ၊ အရာခံဗိုလ်(ငြိမ်း)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်း၊ အမှတ်(၃၇)၊ အခန်း(၁၀)နေ (ဦးသောင်း–ဒေါ်သန်းကြည်)၊ (ဦးကင်းချို–ဒေါ်သန်းမေ)တို့၏ သားသမက်၊ ဒေါ်ဟန်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ မရီရီဇော်၊မောင်ဘိုဘိုဟန်တို့၏မွေးသဖခင်၊ ဦးဇော်မြင့်–ဒေါ်ချိုချိုထွန်း၊ ဦးဇော်တင့်–မညိုညို၊ မောင်ဇော်အောင်၊ မဥမ္မာဇော်တို့၏ ဦးလေးသည် ၈–၃–၂၀၀၄ရက်နံနက်၁၁နာရီတွင်ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၃–၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးမြိုင်
အသက်(၆၀)
(ဟသ်ာတ)

တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ အင်းဝလမ်း(၂၀)၊ အမှတ်(၁၉၃)နေ (ဦးသိန်းထွန်း)၏ ဇနီး၊ ဦးမြင့်ဆွေ–ဒေါ်မြင့်မြင့်စိုး၊ ဦးမြင့်ရှိန်(အမက–၂၊ တ/၃)–ဒေါ်စောမြင့်၊ ဦးထွန်းရီ–ဒေါ်ခင်စန်းမြင့်တို့၏ အစ်မ၊ ကိုလွင်ဦး–မသန်းသန်းဌေး၊ ကိုသိန်းဦး–မခင်အုန်းမြင့်၊ ကိုကြည်ဦး၊ ကိုမြအောင်–မကြည်ကြည်မွန်၊ ကိုသိန်းဇော်ထွန်း၊ ကိုစိုးသူထွန်း၊ ကိုဝင့်သူထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊မြေးရှစ်ယောက်တို့၏ အဘွားသည် ၈–၃–၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၁၀–၃–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃:၄၅ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်လေး(ခ)ဦးလှပြုံး
အသက်(၅၆)နှစ်
ညီနောင်သုံးဖော်တာယာဆိုင်

စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ဆုံကုံးရွာနေ (ဦးပုလဲ–ဒေါ်စိန်အေး)တို့၏သား၊ ဒေါ်သာမ၏ မောင်၊ မမော့၊ ကိုတာ၊ မကိုင်းကြည်တို့၏ အစ်ကို၊ တာမွေမြို့နယ်နေ (ဦးဟုတ်စိန်)–ဒေါ်ခင်နွဲ့တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဇဟိုလမ်း၊ အမှတ် (၁၀၄)နေ ဒေါ်ခင်စန်းဝင်း၏ ခင်ပွန်း၊ မောင်ကျော်သူရ၊ မလှလှဝင်း၊ မောင်အေးမင်းဇော်၊ မောင်မိုးဇော်အောင်၊ မောင်လှဌေးမောင်တို့၏ ဖခင်သည် ၈–၃–၂၀၀၄ (တနင်္လာနေ့) ညနေ ၃:၃၅နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၀–၃–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးလွင် (၄၉)နှစ်

ရန်ကုန်တိုင်း၊ အမှတ်(၉၄၉)၊ ထူပါရုံ(၉)လမ်း၊ အနောက်(၁)ရပ်ကွက်၊ သာကေတမြို့နယ်နေ (ဦးဘိုမောင်–ဒေါ်သန်းကြည်)တို့၏ သား၊ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ ဦးလှမြင့်–ဒေါ်ခင်ဌေး၊ ဦးသိန်းလွင်တို့၏ ညီ၊ ဦးအေးကြူ(ဆသရ)–ဒေါ်ခင်ဌေးကြည်၊ ဦးခင်မောင်ညွန့်–ဒေါ်သန်းသန်းမြင့်၊ ဦးတင်ရွှေ(အော်တိုတယ်လီဖုန်း)–ဒေါ်ခင်ဥမ္မာလွင်(ဆသရ)၊ဦးခင်မောင်မြင့်–ဒေါ်ခင်မာရွှေ၊ ဦးစိန်ဌေး (ကားဝပ်ရှော့လုပ်ငန်း)–ဒေါ်တင်တင်ထွေးတို့၏ အစ်ကို၊ ကိုလွင်ကိုဦး၊ ကိုလွင်ထွန်းတို့၏ ဖခင်၊ တူ၊တူမ ၁၈ယောက်တို့၏ဦးလေးသည် ၉–၃–၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်တင်(ခ)ဦးထွန်းမြင့်
အသက်(၈၅)နှစ်
နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်
မော်ကွန်းဝင်ဒုတိယဆင့်
(RTC)ခ–ပ(၉)လိုင်း၊ဌာနခွဲမှူး(ငြိမ်း)

ကဝမြို့နယ်၊ သပြေကန်ကျေးရွာနေ (ဦးညွန့်–ဒေါ်စောညွန့်)တို့၏ သား၊ ရန်ကုန်မြို့၊ တိုက်(၃)၊ အခန်း(၄)၊ ခွာညိုလမ်းသွယ်၊ သမိုင်းလမ်းဆုံနေ ဒေါ်စန်း၏ခင်ပွန်း၊ဒေါ်တင်နွယ်ဦး(အမက–၁၆၊ မရမ်းကုန်း)၊ကိုတင်မောင်ဦး–မနီလာဝင်း၊ ကိုတင်မောင်အေးတို့၏ဖခင်၊ မဆုဝေဖြိုး၏အဘိုးသည် ၉–၃–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဖီဂုဏ် (၈၂)နှစ်
(ချောင်းကြီးချောင်းဖျားကျေးရွာ)

ညောင်တုန်းမြို့နယ်၊ ချောင်းကြီးချောင်းဖျားကျေးရွာနေ (ဖူစံရှား–ဖီရွှေထား)တို့၏ သမီးကြီး၊ ဖီကြွက်–ဖူတိတ်တိတ်၊ ဂါ့ခင်ကြည်–(မန်းကျော်အုံး)၊ မန်းစိန်လှိုင်ဗိုလ်၊ (ဂါ့သဲစိန်)–မန်းအောင်လှကျော်၊ ဂါ့ခင်ရွှေ–မန်းမောင်အေး၊ သိက္ခာတော်ရ ဆရာမန်းထွန်းလွင်–(နော်ဖောရီ)တို့၏ အစ်မကြီး ဖီဂုဏ်သည် ၈–၃–၂၀၀၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၀–၃–၂၀၀၄ရက် နံနက် ၈နာရီတွင် အမှတ်(၅၃၄)၊ နွယ်နီ(၁၁)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးတင် (၇၈)နှစ်
(ခရမ်း၊ တောင်ငူ၊ ပဲခူး)

ခရမ်းမြို့၊ ကံကောင်းကျေးရွာနေ (ဦးထွန်းစိန်–ဒေါ်သက်နှင်း)တို့၏ သမီး၊ ခရမ်းမြို့၊ ကမ်းနားလမ်းနေ (သမာဓိမြို့ဝန်ဦးမြို့–ဒေါ်သန်းရှင်)တို့၏ သမီးချွေးမ၊ ပဲခူးမြို့၊ တိုက်(၂၇)၊ အခန်း(၃)၊ ရှင်စောပုလမ်းနေ ဦးထွန်းအောင်၏ဇနီး၊ ခရမ်းမြို့၊ ကံကောင်းရွာ၊ သခ်ဝနနေ ဒေါ်အေးကြွယ်၊ ဒေါ်ခင်လှ၊ ဦးတင်ရွှေ၊ ဦးမြင့်ဆွေ၊ ပဲခူးမြို့သစ်နေ ဒေါ်ခင်သိန်းတို့၏အစ်မကြီးသည် ၉–၃–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်၌ တရားတော်နာယူမည်ဖြစ်ပြီး မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(တပ်မတော်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဒေါ်တင်တင်ညွန့်(Anna)
အသက်(၇၂)နှစ်
ကျောင်းဆရာမ
အထက(၇) ကြည့်မြင်တိုင်

ရန်ကုန်မြို့နေ ဦးတင်စိန်–ဒေါ်ညွန့်ညွန့်တို့၏ သမီး၊ ဒေါ်တင်တင်ဝေ–(ဦးတင်ဦး)တို့၏ ညီမ၊ (ဦးတင်ရှိန်)–ဒေါ်မြမြခက်တို့၏အစ်မ၊ မောင်သူရမြင့်၊ မသိမ်းသိမ်းဝင်း၊ မောင်ထိန်ဝင်းအောင်၊ မသက်ထားနွယ်၊ မနှင်းမိုးခိုင်၊ မထက်စုမြတ်နွယ်၊ မထရီဇာတို့၏ ချစ်လှစွာသောဘွားမာမီသည် ၉–၃–၂၀၀၄ (အင်္ဂါနေ့) နံနက် ၈:၁၅နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေးများ။

ဦးလေးလွင်(ခ)ဦးအေးချို
ဝိစ္စာဘွဲ့(ပထဝီဝင်)
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘုတာရုံလမ်း၊ အမှတ်(၄၀)နေ ဦးကြင်ရွှေ–ဒေါ်လှစိန်တို့၏သား၊ မင်္ဂလာဒုံမြို့နေ တကက/စရထွန်းရွှေ–ဒေါ်လှမြင့်တို့၏ သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ နတလဝန်ထမ်းအိမ်ရာနေ ဒေါ်ဌေးဌေးဝင်း(ဦးစီးအရာရှိ၊ နတလ)၏ခင်ပွန်း၊ မောင်နိုင်လင်းထွဋ်၏ မွေးသဖခင်သည် ၈–၃–၂၀၀၄(တနင်္လာနေ့) ည ၉:၄၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၀–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရွှေဘော်အောင်(၉၇)နှစ်
(နတ်မြစ် မောင်တော)

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ (ဦးမောင်ထွန်း–ဒေါ်ကြိုင်ဇာဦး)တို့၏ သား၊ (ဒေါ်မြင့်)၏ခင်ပွန်း၊ ဒေါ်ဘုမ၏မောင်၊ ဒေါ်စောန၊ ဦးထွန်းစိုး၊ ဦးရွှေသိန်း၊ ဦးမောင်ညွန့်သာတို့၏ဖခင်သည် ၉–၃–၂၀၀၄ (အင်္ဂါနေ့)နံနက်၁း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၁၉)၊ ရွှေနှင်းဆီလမ်း၊ စမ်းချောင်းနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သုန် (၈၄)နှစ်

သန်လျင်မြို့နေ (ဦးဘစိန်–ဒေါ်ဘုမ)တို့၏ သမီး၊ (ဦးကျော်)၏ ဇနီး၊ ဦးဝင်းမောင်–ဒေါ်သန်းအေးတို့၏ အစ်မ၊ ဦးစိုးမြင့်–ဒေါ်သန်းစိန်(ခ)ဒေါ်ကျေး၊ (ဦးသိန်းဟန်)–ဒေါ်အုန်းမြင့်၊ ဦးစောအေး(IWT)–ဒေါ်လှမြင့်တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွား၊ တောင်ဥက္ကလာပ၊ (၄)ရပ်ကွက်၊ သဒ္ဒါလမ်း(၂၀)၊ အမှတ်(၅၄၅)နေ ဒေါ်သုန်သည် ၈–၃–၂၀၀၄ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၃–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးခင်လှ (၇၈)နှစ်
(အငြိမ်းစား)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွဲဆည်ကန်ရပ်ကွက်၊ (ဆ/၅၇)၊ (၁၀)လမ်းနေ ဦးကျော်မျိုးဝင်း(တိုင်းဦးစီးမှူး၊ တိုင်း ငါးလုပ်ငန်းဦးစီးဌာန၊ မန္တလေးတိုင်း)–ဒေါ်ဥမ္မာ၊ ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်နေ ဦးဇော်မျိုးဝင်း–ဒေါ်မိုးဝင့်အောင်၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးကောင်းမြတ်–ဒေါ်ခင်ခင်ထွေးတို့၏ မွေးသဖခင်၊ မခိုင်ဇင်လင်းကျော်၊ မခင်စုဝေကျော်၊ မစုဝေမာကျော်၊ မမေမျိုးသူကျော်၊ မောင်ဖြိုးဇော်အောင်၊ မမြတ်စန္ဒီကျော်၊ မောင်ကောင်းကျော်မြတ်၊ မလှမြတ်နိုးခင်တို့၏အဘိုး၊ (ဒေါ်မြမြသန်း)၏ခင်ပွန်းသည် ၄–၃–၂၀၀၄ရက်တွင် ကွန်လွန်သွားပါ၍ ၅–၃–၂၀၀၄ (သောကြာနေ့) မွန်းတည့်၁၂နာရီတွင် မန္တလေးမြို့ဆေးရုံကြီးမှ တောင်မြင့်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ညွန့်(Anna)
အသက်(၇၂)နှစ်
ကျောင်းဆရာမ
အထက–၇၊ ကြည့်မြင်တိုင်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်မြသီတာလမ်းသွယ်၊ အမှတ်(၁၄)နေ ဦးတင်စိန်–ဒေါ်ညွှန့်ညွန့်တို့၏ သမီး၊ (ဦးမြင့်အောင်၊ ညွှန်ကြားရေးမှူးချုပ်၊ စက်မှု/လယ်ယာ)၏ ဇနီး၊ ရဲမှူးဘုန်းကြွယ်(ပြည်ထဲရေးဝန်ကြီးဌာန)–ဒေါ်နွယ်နီဟန်ထွန်း၊ ဦးဘုန်းမြင့်(2nd Officer)–ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးဘိုဘို–ဒေါ်နှင်းနှင်းမြင့်၊ ဦးအောင်ခိုင်–ဒေါ်ညွန့်ရင်၊ ဒေါ်အေးအေးမွန်–ဦးကျော်မင်းသန်း(Chief Officer)၊ ဦးညီထွေး–ဒေါ်စောကလျာတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၉–၃–၂၀၀၄(အင်္ဂါနေ့) နံနက် ၈:၁၅နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုကျော်ဇင်စိမ်း(ခ) ကိုကျော်ကျော် (၄၇)နှစ်
(အသိမ်မဲ–မြောင်းမြ)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မော်တင်(လမ်းသစ်)လမ်းနေ (ဦးဟုတ်စိမ်း)–ဒေါ်မြင့်ကြည်တို့၏ သားကြီး၊ ဦးစိုးအောင်–ဒေါ်ယုယုစိမ်းတို့၏ ညီ/မောင်၊ ကိုအောင်ဇင်စိမ်း၊ ကိုသန့်ဇင်စိမ်း၊ မလတ်လတ်စိမ်း၊ ကိုကံထူးမောင်–မမြတ်မြတ်စိမ်းတို့၏ အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ ဘကြီးသည် အကယ်ဒမီအထူးကုဆေးခန်း၌ ၉–၃–၂၀၀၄ရက် မွန်းလွဲ ၁:၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊ဒါယိကာမကြီး

ဒေါ်နှင်းလှိုင် (၉၃)နှစ်
(ရခိုင်ချောင်)

ရန်ကုန်တိုင်း၊ တွံ့တေးမြို့နယ်၊ ရခိုင်ချောင်ကျေးရွာနေ (ဦးအုံးဖေ)၏ဇနီး၊ ဦးခင်စိုး–ဒေါ်ဝင်းကြည်၊ဦးမောင်မောင်–ဒေါ်မြင့်မြင့်၊ဒေါ်မြင့်ကြည်(အထက–၁၊ လသာ)၊ ဦးစိုးသိန်း(ရွှေသံလွင်ကုမ္ပဏီ၊ ကစလ၊ တာယာ)၊ (ဦးမြခိုင်)၊ ဦးမြင့်သိန်း–ဒေါ်ချစ်သန်းတို့၏ မွေးသမိခင်၊ မြေး ၁၇ယောက်၊ မြစ် ၂၁ယောက်တို့၏ အဘွားသည် ရန်ကုန်မြို့၊ အမှတ်(၉၉–က) ဗဟိုခိုင်ရွှေဝါလမ်း၊ လှည်းတန်း၊ ကမာရွတ်နေအိမ်၌ ၈–၃–၂၀၀၄(တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[အမှတ်(၉၉)၊ ဗဟိုခိုင်ရွှေဝါလမ်း လှည်းတန်းကမာရွတ်နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဒေါ်အေးတင် (၇၈)နှစ်
(ခရမ်း၊ တောင်ငူ၊ ပဲခူး)

ခရမ်းမြို့၊ ကံကောင်းကျေးရွာနေ (ဦးထွန်းစိန်–ဒေါ်သက်နှင်း)တို့၏ သမီး၊ ခရမ်းမြို့၊ ကမ်းနားလမ်း၊ (သမာဓိမြို့ဝန်ဦးမြို့–ဒေါ်သန်းရှင်)တို့၏ သမီးချွေးမ၊ ပဲခူးမြို့၊ တိုက်(၂၇)၊ အခန်း(၃)၊ ရှင်စောပုလမ်းနေ ဦးထွန်းအောင်၏ ဇနီး၊ (ဒုတိယဗိုလ်မှူးကြီးသန်းညွန့်၊ ငြိမ်း)–ဒေါ်မြမြဆွေ၊ ဦးတင်လှိုင်(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)–ဒေါ်သန်းသန်းလွင်၊ ဦးဇော်မိုး–ဒေါ်သီ၊ ဗိုလ်မှူးအုန်းဆွေ(ငြိမ်း၊ ဒုတိယအထွေထွေမန်နေဂျာ မွေး/ရေဘဏ်၊ သံတွဲ)–နော်နီလာချစ်၊ ဒေါ်ပုလဲတင်(ပဲခူးတိုင်းသမဦးစီး)၊ ဦးထွန်းထွန်းဦး–ဒေါ်နီလာတင်(အထက–၂၊ ခရမ်း)၊ ဗိုလ်မှူးထွန်းအေး(ယာယီတပ်ရင်းမှူး)–ဗိုလ်ကြီးဥမ္မာတင်(တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ)၊ မတင်တင်အောင်(ပဲခူးတိုင်း၊ သမဦးစီး)တို့၏ မိခင်၊ မြေး ၂၄ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၉–၃–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် တပ်မတော်ဆေးရုံကြီး မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် တပ်မတော်ဆေးရုံကြီး ငြိမ်းအေးဇရပ်၌ တရားတော်နာယူမည်ဖြစ်ပြီး မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တပ်မတော်ဆေးရုံကြီးမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးလှတင် (၇၆)နှစ်

ရန်ကုန်မြို့နေ ပရိမီးယားကောလိပ်ကျောင်းအုပ်ဆရာကြီး (ဦးစံရှိန်–ဒေါ်ကြည်)တို့၏ သား၊ ရေကျော်ရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးအောင်သိန်း)–ဒေါ်ငွေရှင်တို့၏တူ၊ ရေကျော်ရပ်၊ ဒေါနလမ်းနေ ဦးစိုးလွင်–ဒေါ်ခင်သန်းနွယ်၊ ကန်တော်လေးနေ ဦးဟန်စိန်–ဒေါ်တင်တင်ဝေ၊ (ဦးကျော်မြင့်)–ဒေါ်စောကြည်၊ (ဦးစိန်ဝင်း–ဒေါ်မြကြည်)၊ ဦးအုန်းကြိုင်–(ဒေါ်ယဉ်ယဉ်သန်း)တို့၏ အစ်ကို၊ ပတ္တမြားမြို့သစ်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ်(၇၅)နေ ဒေါ်စန်းမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးစိန်ထွန်းအောင်)–ဒေါ်လှမြင့်(သာသနာရေး)၊ ဦးမောင်မောင်လှ(ငွေစာရင်းရုံး)–ဒေါ်ဝါဝါမြင့်၊ ဦးမောင်မောင်မြ၊ ဒေါ်နွယ်နီသိန်း၊ ဦးအောင်ကြီး–ဒေါ်မြင့်မြင့်အေး(မန္တလေး)၊ ဦးဆန်းထူး–ဒေါ်မြင့်မြင့်ဆွေ (မြို့တော်စည်ပင်)၊ ဦးတင်အုန်း – ဒေါ်အေးအေးခိုင်(ရွှေမင်္ဂလာအထည်ချုပ်စက်ရုံ) တို့၏ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုးသည် ၉–၃–၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မာမာဌေး (၄၃)နှစ်
အထက(၅)၊ကမာရွတ်ကျောင်းသူဟောင်း

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်နေ ဦးနီတွတ်–ဒေါ်စောတို့၏ သမီးချွေးမ၊ ဦးကျော်ဦး–ဒေါ်ခင်ဝင်းတို့၏ သမီး၊ ဦးအောင်သန်းတင်–ဒေါ်ကျင်ပိုတို့၏ တူမ၊ ဦးမြင့်ဝင်း–ဒေါ်ခင်ချိုမာတို့၏ ညီမ၊ ဦးခင်သိန်း–ဒေါ်စန္ဒာထွေးတို့၏ အစ်မ၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၄၈)နေ ဦးမြင့်အောင်၏ ဇနီး၊ မောင်အောင်ရာဇာထွန်း (တပ်မတော်–လေ)၊ မချိုနွယ်ငြိမ်း (အထက–၃၊ ကမာရွတ်)တို့၏မိခင်သည် ၉–၃–၂၀၀၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီးထွန်းကျော်(ငြိမ်း)
အသက်(၇၈)နှစ်
(အုတ်ဖို)

ပဲခူးတိုင်း၊ အုတ်ဖိုမြို့နေ (ဦးဘိုးရ–ဒေါ်မမကြီး)တို့၏ သား၊ (ဦးသာအေး–ဒေါ်တင့်)တို့၏ သားသမက်၊ ဦးမြသန်း–ဒေါ်ခင်ခင်တို့၏ညီ၊ ဦးသိန်းအေး–ဒေါ်အေးမိ၊ ဦးစံရွှေ–ဒေါ်သန်းသန်းယဉ်တို့၏ အစ်ကို၊ ဦးအောင်ကျော်လင်း(Air Mandalay)–ဒေါ်စန်းစန်းမြင့်တို့၏ဖခင်၊ မအိဟောမန်ကျော်၊ မောင်နန္ဒအောင်ကျော်(အထက–သုဝဏ္ဏ)တို့၏ဘိုးဘိုးကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၂၁)နေ ဒေါ်တင်လှ၏ ချစ်လှစွာသောခင်ပွန်းသည် ၉–၃–၂၀၀၄(အင်္ဂါနေ့) နံနက် ၆:၄၅နာရီတွင် အလုပ်သမားဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အလုပ်သမားဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (ဆေးရုံမှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါက်တာဝေဖုန်း(၃၃)နှစ်
M.B.,B.S (YGN)
မြို့နယ်ခွဲဆရာဝန်၊ ရေစကြိုမြို့နယ်ခွဲ၊ မတူပီမြို့နယ်၊ ချင်းပြည်နယ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၁၀၂၈) (ယခင်ပုဇွန်တောင်မြို့နယ်၊ ယုဇနလမ်း၊ အမှတ်–၂၆)နေဦးထွန်းဝေ (လက်ထောက်အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)– ဒေါ်အေးကျင်တို့၏ သားထွေး၊ ဦးဝေအောင်(SUNFOCO)၊ ဦးမျိုးလွင်အောင် (C/E-Bay Point Mariting)–ဒေါ်ဝေဝေသန်း၊ ဦးဝင်းနိုင်ထွေး–ဒေါ်ဝေဝေမိုး(ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးဝေမောင်–ဒေါ်စိုးသီတာလှိုင်တို့၏ညီ/မောင်၊ မမျိုးမျိုးသူဇင် (အထက–၂၊လသာ)၊မမြေမြတ်မိုးထွေး(TTC)၊မယဉ်မြတ်မိုးထွေး၊ ဖိုးလှုအေးတို့၏ ဦးလေးသည် ၈–၃–၂၀၀၄(တနင်္လာနေ့)နံနက် ၃နာရီတွင် ကွယ်လွန်ပါသဖြင့်၁၀–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများညနေ ၃နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၁၄–၃–၂၀၀၄(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

စံပြဆေးရုံကြီး(သဃ်န်းကျွန်း) အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဌာနမှ သမားတော်ကြီး ဒေါက်တာသန်းသန်းအေး၏ ဖခင် ဦးစိုးလှိုင်(၇၃)နှစ်သည် ၈–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
စံပြဆေးရုံကြီး(သဃ်န်းကျွန်း)မိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းထွန်း(ရေဦး) (၄၉)နှစ်
1A/E, MV YTHAN, EASTWIND

တူမဒေါ်ဝင်းဝင်းသိန်း(Geocomp)၏ ချစ်လှစွာသော ခင်ပွန်း၊ တူဖြစ်သူ ဦးထွန်းထွန်း ၂၈–၂–၂၀၀၄ရက်တွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
ဦးလေး–ဦးတင်ဝင်း(ရာဇာဝင်း)ရေဦးမြို့နှင့်
ညီ/ညီမများ၊ စပယ်၊ သဇင်၊ ချယ်ရီ၊ ထွန်းမင်း၊ ကိုမျိုး၊ အေးခိုင်။

ဦးစိန်လင်း(၈၅)နှစ်
လွတ်လပ်ရေးမော်ကွန်းဝင်ဒုတိယဆင့်
(ထားဝယ်)

ထားဝယ်မြို့၊ ခံဝင်းဒပ်ရပ်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၃၂၁)နေ (ဦးလွန်းဘင်–ဒေါ်စိန်ချယ်)တို့၏သား၊ (ဒေါ်တင်တင်)၏ခင်ပွန်း၊ (ဦးဝွမ်ရှိန်–ဒေါ်တင်တင်ဝင်း)၊ ဦးမျိုးအောင်–ဒေါ်ခင်ညွန့်၊ ဦးအောင်လွင်(ဆလရ)–ဒေါ်ရီရီဝင်း၊ ဒေါ်သန်းသန်းဝင်း (အထက–၃၊ ထားဝယ်)၊ ဦးအောင်ကျော်ဦး–ဒေါ်ချိုချိုဝင်း(မြိတ်ဆေးရုံကြီး)၊ ဦးသိန်းထိုက်–ဒေါ်မူမူဝင်းတို့၏ဖခင်သည်၈–၃–၂၀၀၄ (တနင်္လာနေ့) ညနေ၅:၃၀နာရီတွင် ကွယ်လွန်ပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ဝဲကျွန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမြင့်ဆွေ (၆၄)နှစ်
နည်းပြ(ငြိမ်း)စက်ပြင်
ထိန်းကျောင်း၊ အောင်ဆန်းမြို့
(ဝါးခယ်မ)

ဝါးခယ်မမြို့နေ (ဦးပြန့်–ဒေါ်မမကြီး)တို့၏ သား၊ မိတ္ထီလာမြို့နေ (ဦးသိန်းညွန့်)–ဒေါ်သန်းမြင့်တို့၏ သားသမက်၊ အမှတ်(၄၂/၁၁၃၂)၊ ဦးမင်းလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ ဒေါ်ခင်ဝင်းညွန့်၏ ခင်ပွန်း၊ ဦးရဲထွဋ်ဦး(အဖွဲ့စုမှူး၊ လယ်/ဆည်ဝန်ကြီးရုံး)–ဒေါ်ခင်ခင်လှ၊ ဦးအောင်သူရ(U.M.T)–ဒေါ်ချိုချိုစန်း၊ ဦးထွန်းဝဏ္ဏ(စံနရီနာရီဆိုင်)–ဒေါ်ဥမ္မာတင်၊ ဦးနေဝင်းထွန်း၊ ဦးစည်သူအောင်၊ ဒရဲအုပ်ကျော်သူရ(အောင်လံ)–ဒေါ်ဥဥခင်တို့ကျေးဇူးရှင်မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၉–၃–၂၀၀၄ (အင်္ဂါနေ့) နံနက် ၃:၁၄နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ထားဝယ်အသင်း

ဦးစိန်လင်း (၈၅)နှစ်
လွတ်လပ်ရေးမော်ကွန်းဝင်၊ဒုတိယဆင့်
(ထားဝယ်)

တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၃၂၁)နေ (ဒေါ်တင်တင်)၏ ခင်ပွန်း အသင်းဝင်အမှတ်(၁၇၁) ဦးစိန်လင်းသည် ၈–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁–၃–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဝဲကျွန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ထားဝယ်အသင်းသူ၊ အသင်းသားများအား သိစေအပ်ပါသည်။ အမှုဆောင်ကော်မတီ။

ဒေါ်ခင်အေးဝင်း(၄၈)နှစ်
တွဲဖက်ပါမောက္ခ၊ လားရှိုး

မော်လမြိုင်မြို့၊ မောင်ငံရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၆၂)နေ ဦးမောင်သွင်–ဒေါ်နှင်းရွှေတို့၏ သမီးကြီး၊ ကိုအောင်ကျော်ဦး–မကေခိုင်သိန်း၊ ကိုစိုးသန်း–မတင်တင်ဦး၊ (ကိုအောင်လှ)–မသန်းသန်းနု၊ ကိုလှဌေး၊ ကိုမောင်ဦး–မအေးအေးသင်း၊ ကိုမျိုးဝင်း–မဥမ္မာချို၊ ကိုအောင်ခင်တို့၏ အစ်မကြီး၊ တူ၊တူမ ၁၁ယောက်တို့၏အကြီးသည် ၉–၃–၂၀၀၄ (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

မောင်အောင်ကျော်သူ
အသက်(၂၉)နှစ်
(ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊အမှတ်(၂၁)နေ (ဦးမောင်မောင်)–ဒေါ်ခင်မြင့်တို့၏ သား၊ ကိုစိန်ဝင်း၊ မမြသီတာ၊ မခင်သီတာစိုးတို့၏ ညီ/မောင်၊ မဇာဇာမောင်၏ အစ်ကိုသည် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးတွင် ၈–၃–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၃–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၈၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တောင်ရေ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများစစ်ဆေး စီမံကိန်းပြီးစီးက ဆက်သွယ်ရေးတူးမြောင်းဖြင့် ကြက်မောက်တောင်ဆည်သို့ ရေကူပေးမည်

ရန်ကုန် မတ် ၉

မန္တလေးတိုင်း မိတ္ထီလာမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၈ရက် နံနက်ပိုင်းတွင် မိတ္ထီလာမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာရာ ဟုန်ပန်းကုမ္ပဏီလီမိတက်၏ မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်သည့် မိတ္ထီလာ–သာစည်လမ်းပေါ်ရှိ ပြင်သာကျေးရွာလမ်းဆုံသို့ နံနက် ၈နာရီ ၄၅မိနစ်တွင်ရောက်ရှိပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မြို့ရှောင်လမ်း ဖောက်လုပ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

မိုးမကျမီအပြီး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့ရှောင်လမ်းအတိုင်း ဆက်လက်ကြည့်ရှု စစ်ဆေးရာ ဟုန်ပန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတို့က မိတ္ထီလာမြို့ရှောင်လမ်းလမ်းအကြောင်း တိုင်းတာပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိတ္ထီလာမြို့ရှောင်လမ်း၏ လမ်းအကြောင်း ပေ ၂၀၀အကျယ် မြေသားလမ်း ရှင်းလင်းခြင်းလုပ်ငန်းကို မိုးမကျမီ အပြီးဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာ–ကျောက်ပန်းတောင်း လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၀နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့နယ် အစပ်သို့ ရောက်ရှိကြပြီး မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တောင်ရေ ရေလှောင်တမံ

ထို့နောက် ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီးရှိ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ★

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု စာအုပ်ဈေးပွဲတော် ဖွင့်လှစ်ရောင်းချမည်

ရန်ကုန် မတ် ၉

၂၀၀၄ ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ "စာအုပ်ဈေးပွဲတော်"ကို မတ် ၁၉ရက်မှ မတ် ၂၈ ရက်အထိ ၁၀ရက်ကြာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း(အထက်) အမှတ်(၃၇၉–၃၈၃)ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ယခင်ရုံးချုပ်) အဆောက်အအုံ၌ ကျင်းပမည် ဖြစ်သည်။

စာအုပ်ဈေးပွဲတော်ကို နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။ စာမျက်နှာ ၉ ကော်လံ ၆ သို့ ❒

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် တောင်ရေ ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု

ကြေးမုံသတင်းစာတွင် အထူးကဏ္ဍများ ဖော်ပြမည်

၂၀၀၄ ခုနှစ် မတ်လ ၂၇ရက်နေ့သည် (၅၉)နှစ်မြောက် တပ်မတော်နေ့ဖြစ်ပါသည်။

တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် တိုင်းရင်းသားပြည်သူများအတွင်းမှ သန္ဓေတည်ပေါက်ဖွားလာခဲ့ပြီး လွတ်လပ်ရေးရရှိရန်အတွက် ပြည်သူတို့နှင့်အတူ တိုက်ပွဲဝင်ခဲ့သည်။ တစ်ဖန် ရရှိပြီးဖြစ်သည့် လွတ်လပ်ရေးပြန်လည်မဆုံးရှုံးစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင်လည်း တပ်မတော်သည် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ သက်စွန့်ကြိုးပမ်း စွမ်းဆောင်ခဲ့ကြောင်း အတိတ်သမိုင်းက ထင်ရှားစွာသက်သေပြခဲ့ပြီးဖြစ်သည်။ ထို့အတူ ယနေ့ကာလတွင်လည်း တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်တို့အပြင် နိုင်ငံတော်တည်ဆောက်ရေး တာဝန်နှင့် ပြည်သူ့အကျိုးစီးပွား သယ်ပိုးသည့်လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။

သမိုင်းအစဉ်အလာကြီးမားပြီး ခေတ်အဆက်ဆက် ပြည်သူတို့ဘက်မှ မားမားမတ်မတ် ရပ်တည်ခဲ့သော တပ်မတော်၏ စွမ်းဆောင်ရည်များကို ဖော်ကျူးဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတွင် မတ်လ ၁၂ ရက်မှ စတင်၍ နိုင်ငံတော်အကြီးအကဲ၏ တပ်မတော်ဆိုင်ရာ အဆိုအမိန့်ကောက်နုတ်ချက်များ၊ တပ်မတော်နေ့ဂုဏ်ပြုခေါင်းကြီး၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(ကြေးမုံ)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပန်စလီတောင်ကြော၌ တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်း ၁၂ဧကကို ပူးပေါင်းအဖွဲ့က စုပေါင်း ဖျက်ဆီးနေစဉ်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော ရောက်ရှိ

ရန်ကုန် မတ် ၉

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် Diethelm Travel Ltd, Myanmar ၏ စီစဉ်မှုတို့ဖြင့် ကမ္ဘာလှည့်ခရီးသည် ၁၇၀ဦးတို့သည် M.S Europa အပျော်စီးသင်္ဘောဖြင့် ရန်ကုန်မြို့ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါ ဆိပ်ကမ်းသို့ ယနေ့နံနက် ၆နာရီ ၃၅မိနစ်တွင် ဆိုက်ရောက်လာရာ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ▲

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပန်စလီတောင်ကြောရှိ ဘိန်းခင်း ၁၂ဧက စုပေါင်းဖျက်ဆီး

ရန်ကုန် မတ် ၉

၂၀၀၃/၂၀၀၄ ခုနှစ် ဘိန်းစိုက်ပျိုးရာသီတွင် ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝမ်ရှဲန်ကျေးရွာ အရှေ့မြောက်ဘက်ရှိ ပန်စလီတောင်ကြော၌ တရားမဝင် စိုက်ပျိုးထားသည့် ဘိန်းခင်း ၁၂ဧကကို တွေ့ရှိဖျက်ဆီးခဲ့ကြောင်းနှင့် ယခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းစိုက်ပျိုးထားသည့် ဒေသများအတွင်း ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်အထိ တရားမဝင် စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၆၆၁၈ ဒသမ ၄၇၆ဧက ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)